INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

the center for constitutional transitions

ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများအတွင်း လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး

International IDEA မူဝါဒ စာတမ်းအမှတ် (၂၃)

ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများအတွင်း လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး

International IDEA မူဝါဒ စာတမ်းအမှတ် (၂၃)

Sumit Bisarya နှင့် Sujit Choudhry

© မူပိုင်ခွင့် ၂၀၂၁ ခုနှစ် ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးနိုင်ငံတကာအဖွဲ့နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများဗဟိုဌာန

မြန်မာဘာသာပြန်ဖြင့် ထုတ်ဝေသော စာတမ်းကို © ၂၀၂၁ မူပိုင်ခွင့်ဖြင့် ထုတ်ဝေသည်။

International IDEA မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံတစ်နိုင်ငံ၏ အကျိုးစီးပွား သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွား ကင်းရှင်းပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသောရှုမြင်ပုံများသည် International IDEA အဖွဲ့၊ ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ယင်းအဖွဲ့၏ ကောင်စီဝင်များ၏ ရှုမြင်ပုံများကို ကိုယ်စားပြုသည်ဟု ယတိပြတ်မဆိုနိုင်ပါ။

ဤစာအုပ်ကို ကွန်ပျူတာဖိုင်အနေဖြင့် Creative Commons Attribute–NonCommercial–ShareAlike 3.0 (CC BY–NC–SA 3.0) licence (အများအတွက်ဖန်တီးမှု၊ ရည်ညွှန်းဖော်ပြလျက် စီးပွားဖြစ်မဟုတ်ဘဲ အလားတူမျှဝေရန် ခွင့်ပြုချက်လိုင်စင်) ဖြင့် ရယူနိုင်ပါသည်။ စီးပွားဖြစ်လုပ်ဆောင်ခြင်း မဟုတ်လျှင်၊ သင့်တော်သော ရည်ညွှန်းချက်များဖော်ပြလျက် ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ပေးပို့ခြင်း၊ စာသားများ ပြန်လည်စီစဉ်ခြင်း၊ ဆီလျော်အောင်ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ပါသည်။ ယင်းတို့ ပြုလုပ်မည်ဆိုပါက အခြားသူများအား ဤခွင့်ပြုချက်လိုင်စင်ကိုပင်အသုံးပြု၍ ထပ်ဆင့်အသုံးပြုခွင့်များကို ထပ်တူထပ်မျှပေးအပ်ရန်ဖြစ်ပါသည်။ ဤခွင့်ပြုချက်လိုင်စင်အကြောင်း ထပ်မံစုံစမ်းသိရှိလိုပါက Creative Commons website (အများအတွက်ဖန်တီးမှု ဝက်ဘ်ဆိုက်) <http://creativecommons.org/licenses/by–nc–sa/3.0/> တွင် လေ့လာနိုင်ပါသည်။

International IDEA
စတွန်းစ်ဘော့ဂ်
SE – ၁၀၃၊ ၃၄ စတော့ဟုမ်း
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် – +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် – info@idea.int
ဝဘ်ဆိုဒ်   – <http://www.idea.int>

စာအုပ်ဒီဇိုင်းအခင်းအကျင်း – International IDEA
ISBN: 978–91–7671–403–4 (Print)
ISBN: 978–91–7671–404–1 (PDF)
DOI: https://doi.org/10.31752/idea.2021.27

မာတိကာ

ကျေးဇူးတင်လွှာ ၄
အဓိကအကြံပြုချက်များ ၅
အနှစ်ချုပ်ဖော်ပြချက် ၇
၁။ နိဒါန်း ၁၁
၂။ ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့် လုံခြုံရေးကဏ္ဍ ၁၄
၃။ ပကတိအခြေအနေ အကြောင်းအချက်များ ၁၈
၄။ အရပ်ဖက်မှ ကွပ်ကဲခြင်းနှင့် ကြီးကြပ်ခြင်း ၂၁
၅။ လုပ်ငန်းများ ခွဲခြားထားခြင်းနှင့် အမျိုးသားလုံခြုံရေးကောင်စီများ ၂၄
၆။ ဥပဒေစာချုပ်စာတမ်းများ ၂၈
၇။ လုပ်ငန်းများ ရှေ့နောက်စီစဉ်ခြင်း ၃၀
၈။ လွတ်ငြိမ်းချမ်းသာခွင့်များနှင့် အကူးအပြောင်းကာလ တရားမျှတမှု ၃၃
၉။ စီးပွားရေးအကျိုးစီးပွားများ ၃၅
၁၀။ နိဂုံး ၃၈
ရည်ညွှန်းချက်များ ၃၉
စာရေးသူများ ၄၁
ဤစာအုပ်ကို ထုတ်ဝေသည့် အဖွဲ့အစည်းများ ၄၃

ကျေးဇူးတင်လွှာ

ဤစာတမ်း၏ အခြေခံဖြစ်သော သုတေသနနှင့် ဆွေးနွေးချက်များမှာ စာအုပ်အဖြစ်ထွက်ရှိခဲ့ပါသည်။ Zoltan Barany (ဇိုလ်တန်ဘာရာနီ)၊ Sumit Bisarya (ဆူမစ်ဘစ်ဆာယာ)၊ Sujit Choudhry (ဆူဂျစ်ချောင်ဒရီ) နှင့် Richard Stacey (ရစ်ချတ်စတေစီ) တို့ တည်းဖြတ်ပြီး အောက်စဖို့မြို့ အောက်စဖို့ တက္ကသိုလ်ပုံနှိပ်တိုက်မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် Security Sector Reform in Constitutional Transitions (ဖွဲ့စည်းပုံအခြေခံဥပဒေ အပြောင်းအလဲများတွင် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု) စာအုပ်နှင့် အထူးသဖြင့် ယင်းစာအုပ်ပါ အခန်းနှစ်ခန်းဖြစ်သော Zoltan Barany (ဇိုလ်တန်ဘာရာနီ)၊ Sumit Bisarya (ဆူမစ်ဘစ်ဆာယာ)၊ Sujit Choudhry (ဆူဂျစ်ချောင်ဒရီ) နှင့် Richard Stacey (ရစ်ချတ်စတေစီ) တို့ ပြုစုသည့် 'Introduction: Leverage, Sequencing, Design, and Separation—Considerations in Security Sector Reform During Constitutional Transitions' (နိဒါန်း – ဩဇာသက်ရောက်မှုပွားယူခြင်း၊ ရှေ့နောက်အစီအစဉ်သတ်မှတ်ခြင်း၊ ဒီဇိုင်းပုံစံ စီစဉ်ခြင်းနှင့် သီးခြားခွဲခြင်း – ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများအတွင်း လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ထည့်သွင်းစဉ်းစားရန်အချက်များ) (စာမျက်နှာ ၁ မှ ၁၆ အထိ) နှင့် Zoltan Barany (ဇိုလ်တန်ဘာရာနီ)၊ Sujit Choudhry (ဆူဂျစ်ချောင်ဒရီ) နှင့် Kent Roach (ကင့်ထ်ရို့ချ်) တို့ ပြုစုသည့် 'Security Sector Reform and Constitutional Transitions: Challenging the Consensus' (လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများ – အားလုံး သဘောတူညီသည့် အမြင်ကို စိန်ခေါ်ခြင်း) (စာမျက်နှာ ၂၄၇ မှ ၂၈၁ အထိ) တို့ ဖြစ်ပါသည်။

အဓိကအကြံပြုချက်များ

လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့သည် သဘောသဘာဝအားဖြင့် ချိတ်ဆက်မှုရှိပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်အတွက် ဆွေးနွေးပွဲစင်မြင့်သည်ပင် အရပ်ဖက်နှင့် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများအကြား ဆက်စပ်ပုံ အပြောင်းအလဲများပြုလုပ်ရေး ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် အရေးပါသောဆွေးနွေးပွဲစင်မြင့် တစ်ရပ် ဖြစ်နိုင်ပါသည်။ ဤမူဝါဒစာတမ်းသည် ယင်းနက်နဲရှုပ်ထွေးသော အကူးအပြောင်းများကို ဖြတ်သန်းကျော်လွှားရာတွင် အကြံပေးများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများကို အထောက်အကူပြုပံ့ပိုးမှုပေးရန် ရည်ရွယ်ပါသည်။ ဤစာတမ်းပါ အဓိကအကြံပြုချက်များကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြအပ်ပါသည်။

၁။ **ပကတိအခြေအနေကို ဆန်းစစ်ခြင်း** – ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးအကြား အပြန်အလှန်ဆက်စပ်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေသတ်မှတ်ချက်များသည် ပကတိအခြေအနေအပေါ် များစွာမူတည်ပါသည်။ အဓိက ထည့်သွင်းစဉ်းစားရမည့် အချက်များတွင် အကူးအပြောင်းပြုလုပ်ချိန် လုံခြုံရေးကဏ္ဍ၏ အနေအထား၊ ညှိနှိုင်းဆွေးနွေးရာတွင် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများ၏ ဩဇာသက်ရောက်နိုင်မှု၊ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများ အပါအဝင် လုံခြုံရေးကဏ္ဍ ဦးစီးဦးဆောင်ပြုသူများ၏ အရေးပါသောအကျိုးစီးပွားများ၊ ပြစ်မှုကျူးလွန်မှုအတွက် တာဝန်ယူတာဝန်ခံစေခြင်းနှင့် စံတန်ဖိုးများ၊ နိုင်ငံရေးညှိနှိုင်းဆွေးနွေးရာတွင် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများ ကိုယ်စားပြုပါဝင်ပုံတို့ ပါဝင်ပါသည်။

၂။ **အရပ်ဖက်မှ ကြီးကြပ်မှု** – လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းတစ်ဖွဲ့စီအတွက် အရပ်ဖက်ဝန်ကြီးဌာနများ သီးခြားစီ ထားရှိရန်နှင့် ယင်းဝန်ကြီးဌာနအသီးသီးကို ပရော်ဖက်ရှင်နယ်အရာရှိများ ဝန်ထမ်းများဖြင့်ဖွဲ့စည်းလျက် အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးစီက ဦးဆောင်ရန်ဖြစ်ပါသည်။ လုံခြုံရေးကဏ္ဍ ဆောင်ရွက်ချက်များအတွက် နိုင်ငံရေးတာဝန်ယူမှု၊ ညွှန်ကြားမှု၊ တာဝန်ခံမှုရှိစေပြီး တစ်ချိန်တည်းတွင် လုံခြုံရေးအဖွဲ့အစည်းများကို ပါတီစွဲ၊ အုပ်စုစွဲ မလျော်မကန်အသုံးပြုမှုမှ အကာအကွယ်ပေးရန်ဖြစ်ပါသည်။ ထို့အပြင် လွှတ်တော်၏ ကြီးကြပ်ကွပ်ကဲရေး လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရေးကိုလည်း စဉ်းစားသင့်ပါသည်။ ဥပမာ မဖြစ်မနေ အစီရင်ခံတင်ပြရန် သတ်မှတ်ခြင်း၊ အမျိုးသားရဲတပ်ဖွဲ့ကော်မရှင်ကဲ့သို့သော သီးခြားလွတ်လပ်သည့် ကြီးကြပ်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းတို့ ဖြစ်ပါသည်။ ယင်းသို့သောအဖွဲ့အစည်းများတွင် အရပ်ဖက် လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ၊ ပြည်သူလူထုကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုသော ကိုယ်စားလှယ်များ ပါဝင်သင့်ပါသည်။

၃။ **လုပ်ငန်းများကို ခွဲခြားထားခြင်း** – ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေမူဘောင်တွင် လုံခြုံရေး အဖွဲ့အစည်းအသီးသီး၏ အခန်းကဏ္ဍနှင့် ဖွဲ့စည်းတည်ဆောက်ပုံများကို ရှင်းလင်းစွာခွဲခြားဖော်ပြထားရန် ဖြစ်ပါသည်။ ဥပမာ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးကို တာဝန်ယူပြီး ရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေးကို တာဝန်ယူရန်ဖြစ်ပါသည်။

၄။ **အမျိုးသားလုံခြုံရေး ကောင်စီများ** – အမျိုးသားလုံခြုံရေးကောင်စီများသည် လုံခြုံရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် မျှဝေခြင်း၊ ခြိမ်းခြောက်မှုအန္တရာယ်များကို အစိုးရတစ်ရပ်လုံး တုံ့ပြန်နိုင်ရန်ဆောင်ရွက်ခြင်းတို့အတွက် အရေးပါသော အဖွဲ့အစည်းများဖြစ်နိုင်ပါသည်။ သို့သော် ဒီမိုကရေစီနည်းကျ တာဝန်ယူတာဝန်ခံမှုရှိစေရန် အရပ်သားအများစု ပါဝင်လျက် ဖွဲ့စည်းသင့်ပါသည်။ အတွင်းရေးလျှို့ဝှက်ထားရှိရန် လိုအပ်ချက်နှင့် ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်းများ အလုံအလောက် ချမှတ်ထားရှိရေးတို့ကို ဟန်ချက်ညီစေရန် ဂရုတစိုက်စဉ်းစားသင့်ပါသည်။

၅။ **အရေးပေါ်အခြေအနေများ** – ဖွဲ့စည်းပုံအခြေခံဥပဒေအများစုတွင် အရေးပေါ် အခြေအနေများအတွက် ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ အရေးပေါ်အခြေအနေ ဖြစ်ပွားလျှင် လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများအား ပုံမှန်လုပ်ပိုင်ခွင့်ထက် ပိုလွန်သည့်အခန်းကဏ္ဍများကို ကြီးကြပ်မှုလျှော့ချ၍ ပေးအပ်နိုင်ပါသည်။ ဤပြဋ္ဌာန်းချက်များကို အဓိပ္ပာယ်အမျိုးမျိုးမထွက်စေရန် ရှင်းလင်းစွာ အသေးစိတ်အချက်အလက်များ အလုံအလောက်ပါဝင်စေလျက် ရေးဆွဲသင့်ပါသည်။ အရေးပေါ်ကာလတစ်လျှောက်လုံး လွှတ်တော်ကကြီးကြပ်သည့်အခန်းကဏ္ဍမှ ပါဝင်နိုင်ရန်လည်း ထည့်သွင်းပြဋ္ဌာန်းသင့်ပါသည်။

၆။ **ဥပဒေအရ စာချုပ်စာတမ်းများ/ရှေ့နောက်အစီအစဉ် သတ်မှတ်ခြင်း** – ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံမူများနှင့် ကန့်သတ်ချက်များကိုဖြစ်နိုင်သည့်နေရာများတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းသည် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ကျယ်ပြန့်စွာလုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများ အားကောင်းစေရန် ခိုင်မာသော ပထမခြေလှမ်းဖြစ်နိုင်ပါသည်။ အသေးစိတ်ကိုမူ ဥပဒေဖြင့် ပြဋ္ဌာန်းရန် ချန်လှပ်ထားနိုင်ပါသည်၊ ချန်လှပ်ထားရန်လည်း သင့်တော်ပါသည်။

၇။ **လွတ်ငြိမ်းချမ်းသာခွင့်များ/အကူးအပြောင်းကာလ တရားမျှတမှု** – အကူးအပြောင်းကာလ တရားမျှတမှုကို ပြစ်မှုအတွက် တာဝန်ယူတာဝန်ခံစေခြင်းမျှ ကန့်သတ်မထားဘဲ ကျယ်ပြန့်သော ရှုမြင်ပုံထားရှိရန် အရေးကြီးပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများတွင် အမှန်တရားကို သိရှိခွင့်၊ လျော်ကြေးရရှိခွင့်၊ တရားမျှတမှု ရရှိခွင့်နှင့် ထပ်မံမဖြစ်ပွားရေး အာမခံချက်များကို အားပေးမြှင့်တင်ခြင်းဖြင့် ကျူးလွန်ခံရသူ ဗဟိုပြုတရားမျှတမှုကို ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းအသွယ်သွယ် ရှိပါသည်။

၈။ **စီးပွားရေးကိစ္စရပ်များ** – ဒီမိုကရေစီ မဟုတ်သော စနစ်များတွင် တပ်မတော်များသည် စီးပွားရေးအကျိုးစီးပွားများ အများအပြားရှိနိုင်ပါသည်။ (ဥပမာ ကူးသန်းရောင်းဝယ်ရေး လုပ်ကိုင်ခြင်း၊ လစာများရရှိခြင်း၊ အဆက်အသွယ်နှင့် အကာအကွယ်ကွန်ရက်များ ဖြစ်ပါသည်။) အကူးအပြောင်း ကာလတွင် ယင်းတို့ကိုကာကွယ်ရန် ကြိုးပမ်းခြင်းများရှိပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရာတွင် ယင်းအကျိုးစီးပွားများကို ပျက်ပြားစေနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်းသည် ယင်းစီးပွားရေး အကျိုးစီးပွားများအပေါ် ရှိလာမည့်သက်ရောက်မှုကို ကနဦးကပင် ဂရုပြု၍ စဉ်းစားရန်ဖြစ်ပါသည်။

အနှစ်ချုပ်ဖော်ပြချက်များ

ဤမူဝါဒစာတမ်းတွင် **လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး (security sector reform) (SSR) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး (constitutional reform)** လုပ်ငန်းစဉ်များအကြား ဆက်စပ်ပုံကို အဓိကဖော်ပြထားပါသည်။ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးတို့ကို သာမန်အားဖြင့် သီးခြားကိစ္စရပ်များဟု ရှုမြင်လေ့ရှိပါသည်။ သို့သော် လက်တွေ့ လုပ်ဆောင်ရာ၌ ယင်းတို့မှာ နက်ရှိုင်းစွာအပြန်အလှန် ချိတ်ဆက်နေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အထွင့်အထိပ်ပြုသည့် ဒီမိုကရေစီစနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရန်မှာ လုံခြုံရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းအပေါ် မူတည်ပါသည်။ **စစ်ဖက်အုပ်ချုပ်မှု၊ ပြည်တွင်းစစ်၊ အာဏာရှင်အစိုးရအုပ်ချုပ်မှု**တို့မှ ဒီမိုကရေစီစနစ်သို့ အကူးအပြောင်းပြုလုပ်သော နိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး (SSR) လုပ်ငန်းစဉ်များ ပေါင်းဆုံမိလေ့ရှိပါသည်။

ဒီမိုကရေစီအုပ်ချုပ်မှုသို့ အကူးအပြောင်းဖြစ်စဉ်များသည် တစ်ခုနှင့်တစ်ခု ထပ်တူကျမတူညီနိုင်ပါ။ ပကတိအခြေအနေများ ကွဲပြားခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲသည့်ပုံစံ၊ အတိုင်းအတာနှင့် နည်းလမ်းများ မတူညီပါ။ သို့ရာတွင် လုပ်ငန်းစဉ်အများစု၌ ဘုံတူညီသောကိစ္စရပ် ၆ ခုကိုကြုံတွေ့ရပါသည်။ (က) အရပ်ဖက်ထိန်းချုပ်မှုနှင့် ကြီးကြပ်မှု (ခ) လုပ်ငန်းများ ခွဲခြားထားခြင်းနှင့် အမျိုးသားလုံခြုံရေးကောင်စီများ (ဂ) ဥပဒေစာချုပ်စာတမ်း (ဃ) လုပ်ငန်းများကို ရှေ့နောက်စီစဉ်ခြင်း (င) လွတ်ငြိမ်းချမ်းသာခွင့်များနှင့် အကူးအပြောင်းကာလ တရားမျှတမှုနှင့် (စ) စီးပွားရေး အကျိုးစီးပွားများ ဖြစ်ပါသည်။

အရပ်ဖက်ထိန်းချုပ်မှု နှင့် ကြီးကြပ်မှု – လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများသည် အရပ်ဖက်ကွပ်ကဲမှုအောက်တွင် ရှိရပါမည်။ တစ်ချိန်တည်းမှာပင် အရပ်ဖက်အာဏာပိုင်များက ပါတီစွဲ၊ အုပ်စုစွဲ အလွဲသုံးခြင်းကို မခံရစေရန် အကာအကွယ်ပေးရပါမည်။ ထို့အပြင် ပြည်တွင်းပြည်ပ ခြိမ်းခြောက်အန္တရာယ်များကို တုံ့ပြန်နိုင်သည့် လုံလောက်သောအင်အားရှိသော်လည်း ဥပဒေ၏ ပြဋ္ဌာန်းချက်များအတိုင်း အဖွဲ့အစည်းများနှင့် လက်နက်ကိုင်အရာရှိများထံ တာဝန်ယူတာဝန်ခံစေရပါမည်။ အရပ်ဖက်မှ ကြီးကြပ်ရေးအတွက် အသုံးပြုလေ့ရှိသည့် အဓိကအစီအမံတစ်ရပ်မှာ လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းအားလုံး၏ ကွပ်ကဲမှုစုဖွဲ့ပုံ အမြင့်ဆုံးနေရာတွင် အရပ်ဖက်ဝန်ကြီးဌာနများကို ထားရှိရန်ဖြစ်ပါသည်။ အရပ်ဖက်ဝန်ကြီးနှင့် ကျွမ်းကျင်ပရော်ဖက်ရှင်နယ် လုံခြုံရေးဝန်ထမ်းအဖွဲ့အစည်းတို့ လုပ်ပိုင်ခွင့်အပြန်အလှန် ရောယှက်ချိတ်ဆက်မှုရှိနေခြင်းသည် အစိုးရအကြီးအကဲနှင့် လုံခြုံရေးကဏ္ဍတို့အကြား ကြားခံနယ်သဖွယ်ရှိနေခြင်းကြောင့် အာဏာအလွဲသုံးစားပြုခြင်းကိုလျှော့ချရန်လည်း အထောက်အကူဖြစ်ပါသည်။ ဥပဒေပြုကော်မတီများသည် လုံခြုံရေးနှင့် ပတ်သက်သည့်

ဥပဒေများကို အခြေအတင်ဆွေးနွေးခြင်း၊ ကြားနာစစ်ဆေးပွဲများပြုလုပ်၍ ကြီးကြပ်ခြင်း၊ အစီရင်ခံစာများ တင်သွင်းစေခြင်း၊ တပ်မတော်ကို တာဝန်ပေးစေလွှတ်ရန် ဆုံးဖြတ်ရာတွင် အခန်းကဏ္ဍပါဝင်ခြင်း၊ လုံခြုံရေး ကဏ္ဍ အဖွဲ့အစည်းများ၏ ဘတ်ဂျက်နှင့် အသုံးစရိတ်အပေါ် ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် အရပ် ဖက်ကြီးကြပ်မှုပေးနိုင်ရေး အရေးကြီးသည့် ထိရောက်သော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ အခြားသော ကြီးကြပ်ရေးအစီအမံများတွင် လွှတ်တော်သို့ အစီရင်ခံတင်ပြရန်သတ်မှတ်ခြင်း၊ တိုင်ကြားချက်လုပ်ငန်းစဉ် များနှင့် သီးခြားလွတ်လပ်သော ကြီးကြပ်ရေးအဖွဲ့အစည်းများ တည်ထောင်ထားရှိခြင်းတို့ ပါဝင်ပါသည်။

လုပ်ငန်းများခွဲခြားထားခြင်းနှင့် အမျိုးသားလုံခြုံရေးကောင်စီများ – တပ်မတော်၏ (ပြည်ပရန် ကာကွယ်ရေး) အခန်းကဏ္ဍ၊ ရဲတပ်ဖွဲ့၏ (ပြည်တွင်းတရားဥပဒေစိုးမိုးရေး) အခန်းကဏ္ဍနှင့် ထောက်လှမ်းရေး အဖွဲ့အစည်းများ၏ (အမျိုးသားအကျိုးစီးပွားနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ စုဆောင်းလျက် ပြည်တွင်းပြည်ပ လုံခြုံရေး ခြိမ်းခြောက်မှုအန္တရာယ်များကို သုံးသပ်ရေး) အခန်းကဏ္ဍဟူ၍ ရှင်းလင်းစွာ ခွဲခြားထားသင့်ပါသည်။ ဤသို့ တပ်–ရဲ–လှမ်း အခန်းကဏ္ဍများ ခွဲခြားပုံကို ဥပဒေမူဘောင်ချမှတ်လျက် ဖော်ပြထားရန်ဖြစ်ပါသည်။ ယင်းမူဘောင်တွင် လုံခြုံရေးကဏ္ဍအဖွဲ့အစည်းအသီးသီး၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကိုရှင်းလင်းဖော်ပြလျက် ကန့်သတ်ပေးရပါသည်။ ဤသို့ ဥပဒေများပြဋ္ဌာန်းခြင်းသည် ဦးတည် ချက်နှစ်ရပ် ရှိပါသည်။ လုံခြုံရေးအဖွဲ့အစည်းများ နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေခြင်းမှ ကင်းရှင်းစေရန်နှင့် အရပ်ဖက် အာဏာပိုင်များအနေဖြင့် လုံခြုံရေးအဖွဲ့အစည်းများကို မိမိတို့အကျိုးစီးပွားအတွက် လွယ်လင့် တကူအလွဲသုံးခြင်း မပြုနိုင်စေရန်ဖြစ်ပါသည်။ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့၏ အခန်းကဏ္ဍများ ရောယှက်နိုင် သည့် အခြေအနေတစ်ရပ်မှာ အရေးပေါ်ကာလအခြေအနေဖြစ်ပါသည်။ ဤသို့သောအခြေအနေကို အာဏာရှင် လုပ်လိုသော ရည်ရွယ်ချက်ရှိသည့် အစိုးရများက အလွဲသုံးတတ်ခြင်းကြောင့် အရေးပေါ်အခြေအနေများ အတွက် စည်းမျဉ်းထိန်းချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စတက်ကျူခေါ် ပြဋ္ဌာန်းဥပဒေမူဘောင် ကို ဂရုတစိုက်ရေးဆွဲစီစဉ်လျက် ပြဋ္ဌာန်းထားသင့်ပါသည်။

အစိုးရယန္တရားတစ်ရပ်လုံးမှ တုန့်ပြန်ဖြေရှင်းရန် လိုအပ်သည့် နိုင်ငံတကာအကြမ်းဖက်မှုနှင့် မူးယစ် ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုကဲ့သို့သော လုံခြုံရေးခြိမ်းခြောက်အန္တရာယ်ပြုမှု အမျိုးမျိုးလည်းရှိပါသည်။ ယင်းတို့ဖြစ်ပွားသောအခါ လုံခြုံရေးအဖွဲ့အစည်းများ အခန်းကဏ္ဍ သီးခြားစီထားရှိသည့်အပေါ် ဖိအားများ ပြားလာတတ်ပါသည်။ မလျော်မကန်အသုံးပြုမှု မဖြစ်ပွားစေရေး ကာကွယ်စောင့်ရှောက်ရန် အမျိုးသား လုံခြုံရေးကောင်စီကို အရပ်သားအများစုပါဝင်လျက် ဖွဲ့စည်းသင့်ပါသည်။ အတွင်းရေးလျှို့ဝှက်ထားရှိရန် လိုအပ်ချက်နှင့် ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်းများ အလုံအလောက်ချမှတ်ထားရှိရေးတို့ကို ဟန်ချက်ညီ စေရန် ဂရုတစိုက် စဉ်းစားသင့်ပါသည်။

ဥပဒေစာချုပ်စာတမ်း – ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများတွင် အရေးပါသော ကိစ္စရပ် တစ်ခုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေစာသားတွင် ထည့်သွင်းပြဋ္ဌာန်းသင့်သည့် အချက်များနှင့် နောင်အခါ ဥပဒေ နှင့် စည်းမျဉ်းများတွင် ထည့်သွင်းပြဋ္ဌာန်းသင့်သည့်အချက်များကို ပိုင်းခြားရန်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် အသေးစိတ်ပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းခြင်းသည် စတက်ကျူ ခေါ် သာမန်ပြဋ္ဌာန်းဥပဒေ တွင် ထည့်သွင်းပြဋ္ဌာန်းခြင်းထက်ပြင်ဆင်ရန် ပိုမိုခက်ခဲပါသည်။ ပြဋ္ဌာန်းချက်များရေးဆွဲထားပုံပေါ် မူတည်၍ အသေးစိတ်ပြဋ္ဌာန်းချက်များသည် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ခိုင်မာစေနိုင်သကဲ့သို့ ပျက်လည်း ပျက်ပြားစေနိုင်ပါသည်။ အကူးအပြောင်းကာလများမှာ ယုံကြည်စိတ်ချမှု နိမ့်ကျသော အချိန်ကာလများ ဖြစ် လေ့ရှိပါသည်။ ပြုပြင်ပြောင်းလဲရေးကို တစ်ဖြည်းဖြည်း လုပ်ဆောင်ခြင်းဖြင့် အတိုင်းအတာပိုမိုကျယ်ဝန်းစွာ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ ရွေးချယ်နိုင်သည့် အလယ်အလတ်နည်းလမ်းတစ်ရပ်မှာ လုံခြုံရေးကဏ္ဍ

အဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်ရန်နှင့် စည်းမျဉ်းထိန်းချုပ်ရန် organic laws ဟုခေါ်သော ဖွဲ့စည်းတည်ထောင်ခြင်းဥပဒေများကို အသုံးပြုခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်ပြဋ္ဌာန်းချက် ပါဝင်မှုအတိုင်းအတာ မည်သို့ပင်ရှိစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်သည့်ဥပဒေတစ်မျိုးမျိုး လိုအပ်မည်သာဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လုပ်ငန်းစဉ်အသေးစိတ် ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိသည့်တိုင် သို့မဟုတ် လုပ်ငန်းစဉ်ကိုအကြမ်းမျှသာ ပြဋ္ဌာန်းထားလျှင် အရေးပေါ်အခြေအနေတွင် လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများအပေါ် အုပ်ချုပ်ရေးပိုင်း၏ လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်ရန် စဉ်းစားသင့်ပါသည်။

လုပ်ငန်းများကို ရှေ့နောက်စီစဉ်ခြင်း – လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု (SSR) ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုမတိုင်မီ သို့မဟုတ် ပြီးနောက် သို့မဟုတ် တစ်ချိန်တည်း ဆောင်ရွက်နိုင်ပါသည်။ လုပ်ငန်းများ ရှေ့နောက်စီစဉ်ပုံ ကွာခြားခြင်းသည် အဓိကအားဖြင့် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများ၏ ဩဇာသက်ရောက်နိုင်မှု အတိုင်းအတာကို ထင်ဟပ်ပါသည်။ ဩဇာသက်ရောက်နိုင်မှု နည်းပါးလျှင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲမှုမတိုင်မီ ဦးစွာဖြစ်ပွားလေ့ရှိပါသည်။ ဩဇာသက်ရောက်နိုင်မှုများပြားလျှင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲမှုပြီးနောက်မှ ဖြစ်ပွားလေ့ရှိပါသည်။ လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများ၏ ဩဇာသက်ရောက်နိုင်မှုမှာ အလယ်အလတ်ဖြစ်လျှင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲမှုတစ်ပြိုင်နက် ဖြစ်ပွားလေ့ရှိပါသည်။ ဖြစ်ရပ်အားလုံးတွင် အကူးအပြောင်းများမှာ ကာလကြာမြင့်စွာ အဆင့်ဆင့်ဖြစ်ပွားတတ်ပြီး အရပ်ဖက်အဖွဲ့အစည်းများနှင့် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများအကြား ဆက်ဆံရေးများမှာ ဆက်လက်၍ပြောင်းလဲပါမည်။ အရေးပါသော မူနှစ်ရပ်မှာ (က) လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ ဒီမိုကရေစီဖော်ဆောင်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်းတို့မှာ သဘောသဘာဝအားဖြင့် ချိတ်ဆက်နေပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးလုပ်ငန်းစဉ်အတွက် ဆွေးနွေးပွဲစင်မြင့်သည်ပင် အရပ်ဖက်နှင့် လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများအကြား ဆက်စပ်ပုံအပြောင်းအလဲများပြုလုပ်ရေး ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် အရေးပါသောဆွေးနွေးပွဲစင်မြင့်တစ်ရပ်ဖြစ်နိုင်ပါသည်။ (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖြစ်နိုင်သည့်နေရာ၌ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး အခြေခံမူများနှင့် ကန့်သတ်ချက်များကို ချမှတ်ခြင်းဖြင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် အခွင့်အလမ်းပေါ်ပေါက်လာရေး ခိုင်မာသောပထမခြေလှမ်းဖြစ်နိုင်ပါသည်။ အသေးစိတ်ကို ဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်းရန် ချန်လှပ်ထားနိုင်ပါသည်။

လွှတ်ငြိမ်းချမ်းသာခွင့်များနှင့် အကူးအပြောင်းကာလ တရားမျှတမှု – ပြစ်မှုကျူးလွန်ခြင်းအတွက် တာဝန်ယူတာဝန်ခံရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများလုပ်ဆောင်စဉ် အထူးတလည် ကွဲပြားမှုဖြစ်စေသော အဓိကကျသည့် ကိစ္စရပ်ဖြစ်ပါသည်။ ဖြစ်ရပ်အများအပြားတွင် လွှတ်ငြိမ်းချမ်းသာခွင့်ပြုရေးကို အပစ်အခတ်ရပ်စဲရေး သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူစာချုပ်အတွက် ညှိနှိုင်းဆွေးနွေးစဉ် ထည့်သွင်းဆွေးနွေးလေ့ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းအားဖြင့် လွှတ်ငြိမ်းချမ်းသာခွင့်ကို ခိုင်မာစေနိုင်ပါသည် (ပြင်ဆင်ရန်လည်း ခက်ခဲပါမည်)။ လွှတ်ငြိမ်းချမ်းသာခွင့်ကို ဥပဒေပြဋ္ဌာန်းပေးပြီး လွှတ်တော်တွင် ပါဝင်မည့်သူများနှင့် လွှတ်တော်၏ဆုံးဖြတ်ချက်ချမှတ်ရေး စည်းမျဉ်းများကိုပါ သတ်မှတ်ထားရှိခြင်းဖြင့် လွှတ်ငြိမ်းချမ်းသာခွင့်ကို လွယ်လင့်တကူပယ်ဖျက်၍ မရစေရန်စီစဉ်နိုင်ပါသည်။ လွှတ်ငြိမ်းချမ်းသာခွင့်ကို ဥပဒေကြောင်းအရ စိန်ခေါ်ခြင်းမပြုနိုင်ရန် ကြိုတင်ကာကွယ် တားဆီးထားနိုင်ပါသည်။ လွှတ်ငြိမ်းချမ်းသာခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းလျက် အခိုင်အမာပြဋ္ဌာန်းထား

ခြင်းမရှိပါက နောင်အခါ နိုင်ငံရေးအခြေအနေပြောင်းလဲသွားသည့် အချိန်တွင် ပိုမိုလွယ်ကူစွာ ပယ်ဖျက်နိုင်မည် ဖြစ်ပါသည်။ လွတ်ငြိမ်းချမ်းသာခွင့်များအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ညှိနှိုင်းဆွေးနွေးခြင်းများသည် အမှန်တရားကို သိရှိခွင့်၊ လျော်ကြေးရရှိခွင့်၊ တရားမျှတမှုရရှိခွင့်နှင့် ထပ်မံမဖြစ်ပွားရေးအာမခံချက်များအပါအဝင် အကူးအပြောင်းကာလ တရားမျှတမှုကို အထောက်အကူပြုနိုင်သကဲ့သို့ အဟန့်အတားလည်း ဖြစ်နိုင်ပါသည်။ အရပ်ဖက်မှကြီးကြပ်ခြင်းနှင့် အုပ်ချုပ်ရေးပိုင်းကို အကန့်အသတ်များထားရှိခြင်းတို့သည် တစ်ဖန်ပြန်လည် မဖြစ်ပွားစေရေးအတွက် အရေးပါသော အစီအမံများဖြစ်ပါသည်။

စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများ – ဒီမိုကရေစီ မဟုတ်သော စနစ်များတွင် လုံခြုံရေးကဏ္ဍမှ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် စီးပွားရေးအကျိုးစီးပွားများ အသီးသီးရှိနေကြပြီး စီးပွားရေးလုပ်ငန်းအများအပြားကိုလည်း လုပ်ကိုင်လျက်ရှိတတ်ပါသည်။ ဒီမိုကရေစီအကူးအပြောင်းတွင် ရင်ဆိုင်တွေ့ကြုံရသည့် အခြေခံကိစ္စရပ်မှာ လုံခြုံရေးအဖွဲ့အစည်းများက အကူးအပြောင်းကိုလက်ခံရန် စီးပွားရေးခံစားခွင့်များဆက်လက်ခံစားခွင့်ပြုမည်လော သို့မဟုတ် အကူးအပြောင်းပြုလုပ်ရေးကို ထိခိုက်နိုင်သည့်တိုင် လုံခြုံရေးအရာရှိများ ရရှိနေသည့် အဆောင်အယောင်များနှင့် စီးပွားရေးခံစားခွင့်များကို ဖြတ်တောက်မည်လောဆိုသည့် ကိစ္စဖြစ်ပါသည်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်းသည် အကူးအပြောင်းကာလ နိုင်ငံရေးဘောဂဗေဒအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိကြောင်း နားလည်သဘောပေါက်ရန် အထူးအရေးကြီးပါသည်။ (ပဋိပက္ခလွန်) အကူးအပြောင်း အများအပြားတွင် အရေးပါသော စိန်ခေါ်မှုအခက်အခဲမှာ စစ်မက်ကာလ စီးပွားရေးအတွင်းရှိခဲ့သည့် ဝင်ငွေများကို ငြိမ်းချမ်းသောကာလ စီးပွားရေးအတွင်း မည်ကဲ့သို့ အစားထိုးပေးနိုင်မည်ဖြစ်ကြောင်း နည်းလမ်းရှာဖွေရန် ဖြစ်ပါသည်။ (ပဋိပက္ခလွန်နှင့် စစ်အုပ်ချုပ်မှုအာဏာရှင်အုပ်ချုပ်မှုတို့မှ အကူးအပြောင်းများတွင်) တပ်အင်အားလျှော့ချခြင်းများကို မည်သို့လုပ်ဆောင်နိုင်ကြောင်းကိုလည်း နည်းလမ်းရှာဖွေရပါမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုသည် လက်နက်ကိုင်အုပ်စုများအတွက် နိုင်ငံရေးလုပ်ငန်းစဉ်ကို ထောက်ခံပံ့ပိုးခြင်းဖြင့် အကျိုးကျေးဇူး တိုးတက်ရရှိစေနိုင်သကဲ့သို့ အကျိုးကျေးဇူးယုတ်လျော့စေခြင်းလည်း ဖြစ်နိုင်ပါသည်။

၁။ နိဒါန်း

> နိုင်ငံကိုအုပ်ချုပ်သူ (မင်းညီမင်းသားများ) များသည် အုတ်မြစ်များကို ကောင်းစွာတည်ဆောက်ရပါသည်။ အုတ်မြစ်များဆိုရာတွင် ကောင်းမွန်သောဥပဒေများ ပြဋ္ဌာန်းခြင်းနှင့် ကောင်းမွန်သော တပ်များတည်ဆောက်ခြင်းတို့ ပါဝင်ပါသည်။
> (နစ်ကိုလိုမက်ကီယာဗယ်လီ၊ *အုပ်ချုပ်သူ*)

မက်ကီယာဗယ်လီ မျှော်မှန်းခဲ့သော လူ့အဖွဲ့အစည်းသည် ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်း မဟုတ်ပါ။ သို့သော် နိုင်ငံတော်၏ အရေးကြီးဆုံး အုတ်မြစ်နှစ်ရပ်အဖြစ် ဥပဒေနှင့် တပ်မတော်တို့ကို တည်ဆောက်ထားရှိရမည်ဟူသော ၎င်း၏ကောက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အထွဋ်အထိပ်ထားရှိသည့် ၂၁ ရာစု ဒီမိုကရေစီစနစ်များအတွက်လည်း မှန်ကန်နေဆဲဖြစ်ပါသည်။ ဤမူဝါဒစာတမ်းတွင် နိုင်ငံပြုပြင်ပြောင်းလဲရေး သို့မဟုတ် နိုင်ငံတည်ဆောက်ရေး အခြေခံအုတ်မြစ်ချသည့် ကာလဆိုင်ရာများကို အဓိက လေ့လာတင်ပြထားပါသည်။ အထူးသဖြင့် အဓိက နိုင်ငံရေးအကူးအပြောင်းများဖြစ်ပွားစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပြောင်းအလဲပြုလုပ်ခြင်းဖြင့် လုံခြုံရေးကဏ္ဍနှင့် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ပြီး တာဝန်ယူတာဝန်ခံမှုရှိသော အရပ်သားခေါင်းဆောင်ပိုင်းတို့အကြား ဆက်ဆံရေးကို မည်သို့ပြန်လည်၍ ဖော်ဆောင်ကြောင်း ဆွေးနွေးတင်ပြထားပါသည်။ ညှိနှိုင်းဆွေးနွေး၍ ဆောင်ရွက်သော နိုင်ငံရေးအကူးအပြောင်းများတွင် သာမန်အားဖြင့် ပါဝင်ဆောင်ရွက်နေသူများနှင့် အဖွဲ့အစည်းများအကြား ဆက်ဆံရေးအသွင် ပြောင်းလဲသွားခြင်းများရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် သို့မဟုတ် ပြင်ဆင်ပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေများသည် အစီအမံများပြင်ဆင်ပြောင်းလဲခြင်းအတွက် ဥပဒေအခြေခံဖြစ်ပါသည်။ ယင်းညှိနှိုင်းဆွေးနွေးမှုများတွင်လုံခြုံရေးကဏ္ဍဦးစီးဦးဆောင်ပြုသူများ၏အခန်းကဏ္ဍနှင့်နိုင်ငံရေးအကူးအပြောင်းကြောင့် လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများအပေါ် ကျရောက်သော သက်ရောက်မှုတို့သည် အကူး အပြောင်း လုပ်ငန်းစဉ်တစ်ရပ်လုံး၏ အောင်မြင်မှုအတွက် အထူးအရေးပါလေ့ ရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းတစ်ခုစီတွင် ပကတိအခြေအနေမတူညီပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် အခြေအနေတစ်ရပ်စီ၏ ထူးခြားသောသွင်ပြင်လက္ခဏာများနှင့် လိုက်လျောညီထွေအောင် ဆောင်ရွက်ရပါသည်။ သို့ရာတွင် အချို့ဖြစ်နိုင်ခြေအခြေအနေများသည် လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အကြား ဆက်စပ်မှုဆိုင်ရာ မေးခွန်းများ ထွက်ပေါ်စေပါသည်။ ယင်းတို့တွင် အောက်ပါတို့ ပါဝင်ပါသည် –

- **စစ်အစိုးရ**သည် အာဏာရယူထားရာမှ ယခု နိုင်ငံရေးမှထွက်ခွာမည်ဖြစ်ပြီး လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများသည် ဒီမိုကရေစီနည်းကျ အရပ်ဖက်၏ ကြီးကြပ်မှုအောက်တွင်ရှိရမည့် ပကတိအခြေအနေများ

- လက်နက်ကိုင်အုပ်စုများရှိနေပြီး (ဥပမာ **ပြည်တွင်းစစ် ဖြစ်ပွားခြင်း**) နိုင်ငံတော်ကသာ တရားနည်းလမ်းကျ အင်အားသုံးစွဲခွင့်ရှိပြီး အခြားမည်သည့်အဖွဲ့အစည်းကမျှ အင်အားသုံးစွဲခွင့်မရှိခြင်းကို တည်ထောင်ရမည့် ပကတိအခြေအနေများ နှင့်

- လုံခြုံရေးတပ်ဖွဲ့များ (ဥပမာ ရဲတပ်ဖွဲ့) ကို **အာဏာရှင်အစိုးရ** (အာဏာရပါတီအစိုးရ) အတွက် အကာအကွယ်ပေးသည့် ကိရိယာအဖြစ်အသုံးပြုခြင်း၊ အတိုက်အခံအင်အားစုများနှင့် သဘောထားကွဲလွဲခြင်းတို့ကိုဖိနှိပ်ရန် အသုံးပြုခဲ့သည့် ပကတိအခြေအနေများ

ဤစိန်ခေါ်မှုအခက်အခဲများကိုဖြေရှင်းရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပြုပြင်ပြောင်းလဲမှုများ အများအပြားလိုအပ်ပါသည်။ ယင်းလိုအပ်ချက် အများအပြားမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲခြင်းနှင့်တိုက်ရိုက်မသက်ဆိုင်ပါ။ လုံခြုံရေးကဏ္ဍတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများကို (ပြန်လည်) လေ့ကျင့်သင်တန်းပေးခြင်း၊ နောက်ခံအချက်များစိစစ်ခြင်း၊ တပ်ဖွဲ့များဖျက်သိမ်းခြင်း၊ ယခင်လက်နက်ကိုင်သူများအား လက်နက်ဖြုတ်သိမ်းခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး (DDR) လုပ်ဆောင်ခြင်း၊ တပ်မတော်မှ နယ်စပ်ကို ထိန်းချုပ်သောတပ်ဖွဲ့များအထိ လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများအတွင်း စုဖွဲ့ပုံပြောင်းလဲခြင်းတို့ပါဝင်နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံအများအပြား၌ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်သော လုပ်ငန်းစဉ်သည် တည်ငြိမ်သော ဒီမိုကရေစီစနစ်သို့ အောင်မြင်စွာအကူးအပြောင်းပြုလုပ်ရန် လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများကို အုပ်ချုပ်မှုဆိုင်ရာ အဓိကသော့ချက် ရွေးချယ်မှုများပြုလုပ်သည့် အရေးပါသောဆွေးနွေးပွဲစင်မြင့် ဖြစ်ပါသည်။ အဓိကသော့ချက် ရွေးချယ်မှုများဆိုရာတွင် အောက်ပါတို့ ပါဝင်ပါသည် –

- လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများသည် **ဖွဲ့စည်းပုံအခြေခံဥပဒေ ညှိနှိုင်းဆွေးနွေးမှုများ**တွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်နိုင်သနည်း၊ ပါဝင်သင့်သနည်း။

- လုံခြုံရေးကဏ္ဍကို မည်ကဲ့သို့ **ဒီမိုကရေစီနည်းကျ၊ အရပ်ဖက်မှ ကွပ်ကဲခြင်းနှင့် ကြီးကြပ်ခြင်း** လုပ်ဆောင်နိုင်မည်နည်း။ လွှတ်တော်နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် မည်သည့်အခန်းကဏ္ဍများမှ ပါဝင်သင့်သနည်း။

- အထူးသဖြင့် ပြည်တွင်းတရားဥပဒေစိုးမိုးရေးတာဝန်ကို တပ်မတော်အား ပေးအပ်ခြင်းမပြုရန် **လုံခြုံရေးအဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းများနှင့် အခန်းကဏ္ဍများ**ကို မည်သို့ခွဲခြားထားမည်နည်း။

- အုပ်ချုပ်မှုနှင့် မူဝါဒချမှတ်မှုမှ တပ်မတော်ကို မည်သို့ဖယ်ရှားသင့်သနည်း။

- လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး (SSR) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်သည့် **အမြန်နှုန်းနှင့် လုပ်ငန်းများ ရှေ့နောက်စီစဉ်ပုံ** မည်သို့ ရှိသင့်သနည်း။ မည်သည်တို့ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းဖြင့် ချက်ချင်းဆောင်ရွက်သင့်သနည်း။ မည်သည်တို့ကို နောင်အခါ စတက်ကျူ ခေါ် ပြဋ္ဌာန်းဥပဒေ၊ စည်းမျဉ်းထိန်းချုပ်ရေး အမိန့်များ၊ မူဝါဒတို့ထုတ်ပြန်၍ ဆောင်ရွက်ရန်ထားရှိနိုင်သနည်း။

- အတိတ်က **လူ့အခွင့်အရေး မလျော်မကန်ပြုမှုမှုများ**ကို မည်သို့ဆောင်ရွက်မည်နည်း။

- ဖွဲ့စည်းပုံအခြေခံဥပဒေ အပြောင်းအလဲများသည် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများ၏ **စီးပွားရေး အကျိုးစီးပွားများ**နှင့် ၎င်းတို့၏ သစ္စာခံကွန်ရက်များအပေါ် မည်သို့သက်ရောက်မှု ရှိမည်နည်း။

ဤမူဝါဒစာတမ်းတွင် ယင်းမေးခွန်းများကို လေ့လာဆွေးနွေးတင်ပြထားပြီး ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲခြင်း၊ ပကတိအခြေအနေအကြောင်းအချက်များ၊ အရပ်ဖက်မှ ကွပ်ကဲမှုနှင့် ကြီးကြပ်မှု၊ လုပ်ငန်းများခွဲခြားထားခြင်း၊ ဥပဒေစာချုပ်စာတမ်း၊ လုပ်ငန်းများကို ရှေ့နောက်စီစဉ်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်များနှင့် အကူးအပြောင်းကာလတရားမျှတမှု၊ စီးပွားရေးအကျိုးစီးပွားများဆိုင်ရာ အပိုင်းများဖြင့် ပြုစုထားပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ရလဒ်များ၊ ပကတိအခြေအနေများ ကွဲပြားခြားနားကြသော်လည်း ဘုံတူညီသည့်သင်ခန်းစာမှာ လုံခြုံရေးကဏ္ဍ အထူးသဖြင့် တပ်မတော်သည် သြဇာသက်ရောက်မှုအများအပြား ဆက်လက်ရှိနေပြီး အင်အားကောင်းသောနေရာမှ ညှိနှိုင်းဆွေးနွေးနိုင်မည်ဆိုပါက လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး အပြည့်အစုံဆောင်ရွက်နိုင်ရေး လျှောက်လှမ်းရမည့် လမ်းကြောင်းမှာ တစ်ကြိမ်တည်း သွားရောက်ခြင်းမပြုနိုင်ဘဲ တစ်ဆင့်ချင်း တစ်စတစ်စ လုပ်ဆောင်ရဖွယ်ရာရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာများကို ညှိနှိုင်းသဘောတူညီနိုင်ရန် အချို့ကိစ္စရပ်များကိုလည်း ရွှေ့ဆိုင်းထားရ နိုင်ပါသည်။ စစ်ဖက်၏ ပင်မအကျိုးစီးပွားအချို့မှာ ကာလအလွန်ကြာရှည်စွာရွှေ့ဆိုင်းရနိုင်ပါသည်။

၂။ ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့် လုံခြုံရေးကဏ္ဍ

ဖွဲ့စည်းပုံအခြေခံဥပဒေ အပြောင်းအလဲဆိုသည်မှာ ဒီမိုကရေစီသို့ ကူးပြောင်းသည့် အခါမှသာ ဖြစ်ပွားခြင်းမဟုတ်ဘဲ အခြေအနေအမျိုးမျိုးတွင် ဖြစ်ပွားနိုင်ပါသည်။ မကြာသေးမီ လေ့လာချက်တစ်ရပ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်း ဖြစ်ပွားပြီးနောက် ဒီမိုကရေစီပိုမိုရရှိလာသော နိုင်ငံများမှာ ၅၀% ခန့်သာ ရှိပါသည် (Eisenstadt, LeVan and Maboudi 2015)။ စင်စစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်းသည် အာဏာရှင်ခေါင်းဆောင်များအတွက်လည်း အရေးပါသည်သာ ဖြစ်ပါသည်။ စစ်အစိုးရများပင်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲကြပါသည်။ ၎င်းတို့၏ အုပ်ချုပ်မှုခိုင်မာစေရန် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေများကိုဖျက်သိမ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်များ ရေးဆွဲပြဋ္ဌာန်းကြခြင်းဖြစ်ပါသည်။ (ဥပမာ ဂရိနိုင်ငံ၏ ၁၉၆၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ ဖြစ်ပါသည်။) ဖွဲ့စည်းပုံအခြေခံဥပဒေရှိခြင်းကြောင့် ရရှိသည့်အကျိုးကျေးဇူးများမှာ နိုင်ငံတွင် ပါဝင်ဆောင်ရွက်မည့်သူများနှင့် အဖွဲ့အစည်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ အခြေခံတန်ဖိုးများနှင့် မူများကိုဖော်ပြခြင်း၊ စည်းမျဉ်းဥပဒေလိုက်နာသော အစိုးရဟု အနည်းငယ်မျှဖြစ်စေ ရှုမြင်ခံရခြင်းဖြင့် တရားနည်းလမ်းကျသည်ဟု ဖော်ဆောင်ခြင်းတို့ ပါဝင်ပါသည်။

သို့ရာတွင် ဤမူဝါဒစာတမ်း၌ ဒီမိုကရေစီ (ပြန်လည်) တည်ထောင်ရေး ဦးတည်ချက်များအတိုင်း ဆောင်ရွက်ရန် ယေဘုယျသဘောတူညီချက်နှင့်အညီ နိုင်ငံရေးဖြေရှင်းချက်အသစ်၏ တစ်စိတ်တစ်ဒေသအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲသောဖြစ်ရပ်များကို အဓိကဖော်ပြထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းသော လုပ်ငန်းစဉ်များမှာ တစ်ခုနှင့်တစ်ခု မတူညီကြသော်လည်း ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး အတွေ့အကြုံများကို ကြည့်ပါက လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို တစ်ပြိုင်နက်တည်းလုပ်ဆောင်ရန် စဉ်းစားသည့်အခါ ယင်းနှင့်သက်ဆိုင်သော ဦးတည်ချက်များနှင့် သွင်ပြင်လက္ခဏာများ တူညီကြသည်ကို တွေ့ရပါသည်။ ယင်းသို့သော တူညီသည့်ဦးတည်ချက်များနှင့် သွင်ပြင်လက္ခဏာများမှာ အောက်ပါတို့ပါဝင်ပါသည်။

၁။ **အများပါဝင်သော ဆွေးနွေးညှိနှိုင်းခြင်းနှင့် သဘောတူညီခြင်းလုပ်ငန်းစဉ်** – အထူးသဖြင့် ၁၉၉၀ ခုနှစ်များမှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြောင်းလဲသည့်လုပ်ငန်းစဉ်မှာ များစွာပိုမို၍ ကျယ်ဝန်းရှုပ်ထွေးလာပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အုပ်ချုပ်သူအလွှာမှ အုပ်စုငယ်တစ်စုက ရက်သတ္တပတ် အနည်းငယ်အတွင်း တံခါးပိတ်ဆွေးနွေးလျက်ရေးဆွဲကြပြီး ပြည်သူလူထု ပါဝင်မှုမှာ အများဆုံး လူထုဆန္ဒခံယူပွဲတွင် အတည်ပြုပေးရုံမျှဖြစ်လျှင် မသင့်တော်ဟု စံနှုန်းထားရှိလာကြပါ

သည်။ မျက်မှောက်ခေတ် ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုသည့် လုပ်ငန်းစဉ်မှာ အချိန်ယူ၍ဆောင်ရွက်ရပြီး တစ်နှစ်မက ကြာမြင့်ပါသည်။ ပြည်သူလူထု၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ခံအရာရှိများ၊ အခြားသက်ဆိုင်သူများ အများအပြား ပါဝင်ပါသည်။ အုပ်စုအသီးသီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ညှိနှိုင်းသဘောတူညီချက်တွင် မိမိတို့၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ညှိနှိုင်းဆွေးနွေးရာ၌ ပါဝင်နိုင်ရန်နှင့် ပြောဆိုခွင့်ရရှိရန် ကြိုးပမ်းကြပါသည်။ အုပ်စုများသည် လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မရပါက လုပ်ငန်းစဉ်ကို နှောင့်ယှက်ဖျက်ဆီးမည့် အလားအလာ များပြားမည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်စာသားပါ ပြုပြင်ပြောင်းလဲမှုများကို မိမိတို့၏လုပ်ငန်းအဖြစ်ခံယူမှုနှင့် လက်တွေ့အကောင်အထည်ဖော်မှု အလားအလာများလည်း နည်းပါးသွားမည် ဖြစ်ပါသည်။ အသစ်တည်ထောင်လိုက်သော ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် အခြေတကျတည်တံ့ခိုင်မြဲနိုင်ရန် လုံခြုံရေးကဏ္ဍမှ ပံ့ပိုးမှုလိုအပ်ပါသည်။ အထူးသဖြင့် စစ်ဖက်မှ သဘောမတူညီပါက စောစီးစွာပြိုလဲသွားတတ်ပါသည်။ အောက်တွင် ဆွေးနွေးတင်ပြထားသည့်အတိုင်း လုံခြုံရေးကဏ္ဍအဖွဲ့အစည်းအကြီးအကဲများနှင့် အစိုးရမဟုတ်သော ပါဝင်ဆောင်ရွက်သူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် မည်ကဲ့သို့ မည်သည့်အချိန်တွင် ပါဝင်သည်ဟူသော အချက်သည် အကူးအပြောင်း လုပ်ငန်းစဉ်တစ်ရပ်လုံး၏ လမ်းကြောင်းနှင့် အောင်မြင်မှုကို အဆုံးအဖြတ်ပေးသည့် အရေးပါသောအကြောင်းအချက်ဖြစ်ပါသည်။

၂။ **အခန်းကဏ္ဍနှင့် တာဝန်များ ခွဲခြားထားခြင်းဖြင့် လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်ခြင်း** – ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြင့်ဆုံးထားရှိသောစနစ်တွင် ဗဟိုအချက်အချာ အယူအဆမှာ အစိုးရအာဏာကျင့်သုံးမှုကို အကန့်အသတ်များထားရှိခြင်းဖြင့် ဥပဒေစည်းမျဉ်းလွတ် မအုပ်ချုပ်နိုင်စေရေး တားဆီးထားခြင်းဖြစ်ပါသည်။ ဤရည်မှန်းချက်အောင်မြင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသည့် အဓိကနည်းလမ်းမှာ လုပ်ပိုင်ခွင့်အာဏာများကို ခွဲခြားထားခြင်းဖြစ်ပါသည်။ နိုင်ငံတော်တာဝန်များကို အဖွဲ့အစည်းအသီးသီးသို့ ခွဲဝေထမ်းဆောင်စေခြင်း၊ ယင်းအဖွဲ့အစည်းများအကြားကြီးကြပ်ရေးနှင့် ပြန်လည်သုံးသပ်ဆွေးနွေးရေးအစီအမံများ တည်ထောင်ထားရှိခြင်းတို့ ပါဝင်ပါသည်။ လုပ်ပိုင်ခွင့်အာဏာများကို ခွဲခြားထားသည့် အယူအဆမှာ လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများနှင့်လည်း အကျုံးဝင်ပါသည်။ ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံပြောင်းလဲရာတွင် များသောအားဖြင့်ထားရှိသည့် အရေးပါသောဦးတည်ချက်မှာ လုံခြုံရေးအဖွဲ့အစည်းအသီးသီးကို မတူညီသော တာဝန်များ သတ်မှတ်ပေးအပ်ထားရန် ဖြစ်ပါသည်။ ဥပမာ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးကို တာဝန်ယူရပါသည်။ ပြည်တွင်းဥပဒေစိုးမိုးရေးကို ရဲတပ်ဖွဲ့ကလုပ်ဆောင်ရန်ဖြစ်ပါသည်။ ထောက်လှမ်းရေး သတင်းစုဆောင်းခြင်းကို ပြစ်မှုစုံစမ်းထောက်လှမ်းခြင်းနှင့် တရားစွဲဆိုတင်ပို့ခြင်းမှ သီးခြားခွဲထားပါသည်။

၃။ **ဒီမိုကရေစီနည်းကျ တာဝန်ယူတာဝန်ခံမှု** – ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်းများတွင် အချုပ်အချာအာဏာသည် ပြည်သူလူထုထံတွင် ရှိပါသည်။ ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် နိုင်ငံတော် အဖွဲ့အစည်းများက အစိုးရအာဏာကျင့်သုံးမှုအားလုံးအတွက် တိုက်ရိုက်ဖြစ်စေ၊ ရွေးကောက်ခံကိုယ်စားလှယ်များမှတဆင့်ဖြစ်စေ အဆုံးစွန်တွင် ပြည်သူလူထုထံ တာဝန်ယူတာဝန်ခံမှုရှိစေရန်ရည်ရွယ်၍ ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။ ဤအခြေခံကျသော ဒီမိုကရေစီမူအရ လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ လုံခြုံရေးမူဝါဒ အပိုင်းကဏ္ဍအားလုံးအပါအဝင် မူဝါဒချမှတ်ရေး

မည်သည့်အစိတ်အပိုင်းမျှ ရွေးကောက်ခံအရာရှိများ၏ ကြီးကြပ်မှု ပြင်ပတွင်မရှိစေရေး ဂရုတစိုက် စဉ်းစားစီစဉ်ထားသည့် ကြီးကြပ်ရေးအစီအမံများ၊ ရှင်းလင်းသော အဆင့်ဆင့် ထိန်းချုပ်ကွပ်ကဲမှုများကို ချမှတ်ထားရှိခွင့်ပြုပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းသည်လည်း အထူးသဖြင့် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ သီးခြားလွတ်လပ်သော အရပ်ဖက်ကျွမ်းကျင်မှု ဖြည့်ဆည်းပေးခြင်းဖြင့် အရေးပါသော ကြီးကြပ်မှုအခန်းကဏ္ဍမှ ပါဝင်သည်ဟု ရှုမြင်ပါသည်။

၄။ **နိုင်ငံတော်ကို အားလုံးစုပေါင်းပိုင်ဆိုင်သည်ဟုခံယူခြင်း** – အထူးသဖြင့် တိုင်းရင်းသားများအကြား တကွဲတပြားဖြစ်သည့် သမိုင်းကြောင်းရှိသော နိုင်ငံများတွင် ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများအတွင်း လူ့အဖွဲ့အစည်းရှိ အုပ်စုအားလုံး ကိုယ်စားပြုပါဝင်ရေး စီစဉ်ပြဋ္ဌာန်းရန် ကြိုးပမ်းပါသည်။ ဤရည်မှန်းချက်အောင်မြင်ရန် ရွေးကောက်ပွဲစနစ်ရွေးချယ်ခြင်း၊ နယ်မြေဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပုံစံများနှင့် အထက်အောက် လွှတ်တော်နှစ်ရပ်ထားရှိခြင်းကဲ့သို့သော အများအခြေအတင် ဆွေးနွေးကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက် ဒီဇိုင်းပုံစံရွေးချယ်မှုများကို ပြုလုပ်ကြပါသည်။ ပဋိပက္ခလွန် အကူးအပြောင်းများတွင် အချို့အုပ်စုများသည် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများတွင် မပါဝင်နိုင်ဘဲ ရှိတတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံများဖြင့် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် နိုင်ငံတော်၏ အခြားလုံခြုံရေးယန္တရား အဖွဲ့အစည်းများအတွင်း ယင်းအုပ်စုများပေါင်းစည်းပါဝင်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းပေးရန် လိုအပ်နိုင်ပါသည်။

၅။ **တစ်ကြိမ်တည်းအပြီး ကြီးမားသော အပြောင်းအလဲ သို့မဟုတ် ဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲခြင်း** – ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများအတွင်း ပေါ်ပေါက်သည့်အရေးပါသော မေးခွန်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အပြောင်းအလဲပြုလုပ်ချိန်တွင် မည်သည့်အတိုင်းအတာအထိ ယတိပြတ်ဆုံးဖြတ်ချက်ချမှတ်နိုင်မည်၊ မည်သည့်အတိုင်းအတာအထိ နောင်အခါဆုံးဖြတ်ရန်ထားရှိသင့်သည်ဟူသော အချက်ဖြစ်ပါသည် (ဥပမာ Lerner 2011; Dixon and Ginsburg 2011 တို့ကို လေ့လာနိုင်ပါသည်) ။ အချို့ဖြစ်ရပ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုံခြုံရေးကဏ္ဍမူဘောင်ကို တစ်ကြိမ်တည်း ကြီးမားသောအပြောင်းအလဲများ ပြုလုပ်ပါသည် (ဥပမာ တောင်အာဖရိကနှင့် ကင်ညာနိုင်ငံများဖြစ်ပါသည်)။ အချို့နိုင်ငံများတွင်မူ ပကတိအခြေအနေအရ တစ်ဖြည်းဖြည်း သဘောတူညီချက်များရယူလျက် အကူးအပြောင်းပြုလုပ်ပါသည်။ လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများသည် နိုင်ငံရေးတွင် ဆက်လက်၍ဩဇာသက်ရောက်မှုရှိပြီး ကာလအတန်ကြာ အရပ်ဖက်ကြီးကြပ်မှုမှ အကာအကွယ်ရရှိသည့် နယ်ပယ်များခွင့်ပြုထားပါသည် (ဥပမာ စပိန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ပါသည်)။ ပြုပြင်ပြောင်းလဲမှုပြုလုပ်သည့် အမြန်နှုန်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းမည့်အတိုင်းအတာတို့သည် အကူးအပြောင်း လုပ်ငန်းစဉ်တစ်ရပ်လုံးအတွက် အထူးအရေးပါနိုင်ပါသည်။

၆။ **နိုင်ငံတော်အနေဖြင့် ထိရောက်မှုရှိခြင်း** – ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြင့်ဆုံးထားသော စနစ်တို့ကို အဓိကအားဖြင့် နိုင်ငံတော်အာဏာကိုကန့်သတ်သော နည်းလမ်းတစ်ရပ်အဖြစ် ယူဆကြပါသည်။ စင်စစ် ထိုမျှမက တွင်ကျယ်စွာ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ နိုင်ငံတော်၏ လုပ်ငန်းဆောင်တာများကို ထိရောက်စွာဆောင်ရွက်ခြင်းများ လုပ်ဆောင်နိုင်ရပါမည်။ လူသိများထင်ရှားသော *Federalist No. 51 (ဖယ်ဒရယ်ဝါဒီ စာတမ်းအမှတ် ၅၁)* ပါ 'လူ့ပြည်သာနတ်ပြည်ဖြစ်ခဲ့လျှင်' အစချီ စာပိုဒ်တွင် James Madison (ဂျိမ်းစ်မက်ဒီဆင်)က 'အစိုးရကို မူဘောင်သတ်မှတ်ရာတွင် ကြုံတွေ့ရသည့် ကြီးမားသောအခက်အခဲမှာ အစိုးရသည် *ဦးစွာပထမ* ပြည်သူလူထုကို

အုပ်ချုပ်နိုင်စွမ်း ရှိရမည်ဖြစ်ပြီး *တစ်ဆက်တည်းမှာပင်* အစိုးရကိုယ်တိုင်တွင်လည်း ထိန်းချုပ်ကွပ်ကဲနိုင်စွမ်း စီစဉ်ထားရှိရေးဖြစ်သည်’ ဟု ဆိုထားပါသည်။ (စာလုံးစောင်းများဖြင့် အလေးအနက်ပြုထားခြင်းမှာ စာရေးသူများက ထည့်သွင်းထားခြင်းဖြစ်ပါသည် – Hamilton and Madison 1788)။ အလားတူ ထည့်သွင်းစဉ်းစားရန်အချက်မှာ လုံခြုံရေးကဏ္ဍတွင် အထူးအရေးကြီးပါသည်။ တည်ထောင်စ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို ကာကွယ်လျက် ပြည်တွင်းဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန်မှာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အထူးအရေးကြီးပါသည်။ ထိန်းချုပ်မှုများ ပိုမိုပြုလုပ်ခြင်းဖြင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းရာတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့၏ ထိရောက်မှုကို လုံလောက်သည့် အဆင့်အထိ ထိန်းသိမ်းထားရှိရေး သတိမူရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်း၏ အထွေထွေဦးတည်ချက်များနှင့် လုံခြုံရေးအဖွဲ့အစည်းများနှင့် အရပ်သားနိုင်ငံရေး အာဏာပိုင်များအကြား ဆက်စပ်ပုံကို ပြန်လည်ဘောင်သတ်မှတ်ရာတွင် ဆောင်ရွက်ရမည့် ကိစ္စရပ်များမှာနီးကပ်စွာ အပြန်အလှန်ဆက်စပ်နေပြီး ဘုံတူညီသောမူများနှင့် စိန်ခေါ်မှုအခက်အခဲများ ရှိပါသည်။

၃။ ပကတိအခြေအနေ အကြောင်းအချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းပြုလုပ်ရာတွင် ထပ်တူ တူညီသည်ဟူ၍မရှိဘဲ ဖြစ်စဉ်တစ်ခုချင်းသည် ပကတိအခြေအနေကို ထင်ဟပ်ပါမည်။ စတင်ဆောင်ရွက်ရသည့် အနေအထား မတူညီသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အပြောင်းအလဲ၏ ပုံသဏ္ဍာန်၊ အတိုင်းအတာနှင့် နည်းလမ်းများကွဲပြားနိုင်ပါသည်။ ပကတိအခြေအနေ အရေးကြီးကြောင်း သိသာထင်ရှားသည့် မှန်ကန်ချက်အဖြစ် မကြာခဏညွှန်းဆိုလေ့ ရှိပါသည်။ ယခု ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သည့် လုပ်ငန်းစဉ်တွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နိုင်စေသည့် သို့မဟုတ် ဆောင်ရွက်ပုံအပေါ်အခြားနည်းဖြင့် သက်ရောက်မှုရှိသည့် အရေးပါဆုံး ပကတိအခြေအနေ အကြောင်းအချက်အချို့ကို ဖော်ပြပါမည်။

ပထမအကြောင်းအချက်မှာ အကူးအပြောင်းကာလ **လုံခြုံရေးအခြေအနေ** ဖြစ်ပါသည်။ လက်နက်ကိုင်တပ်ဖွဲ့အားလုံးကို နိုင်ငံတော်ကထိန်းချုပ်ထားပါသလား။ သို့မဟုတ် နိုင်ငံတော်မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများလည်း ရှိပါသလား။ ရှိပါက လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်များဖျက်သိမ်းခြင်းနှင့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်း (DDR) နှင့် စပ်လျဉ်းသည့် နောက်ထပ်ပြဿနာများ၊ လူ့အဖွဲ့အစည်း တစ်ရပ်လုံးကို ကိုယ်စားပြုသည့် လုံခြုံရေးကဏ္ဍအတွင်း ယင်းလက်နက်ကိုင် အဖွဲ့အစည်းများပေါင်းစည်းပါဝင်ရန် ဆောင်ရွက်ရမည့် စိန်ခေါ်မှုအခက်အခဲများ ပေါ်ပေါက်မည်ဖြစ်ပါသည်။ နိုင်ငံ၏ လုံခြုံရေးယန္တရားသည် ကြီးမားလွန်းပြီး အကြီးတန်းအရာရှိ အရေအတွက်များပြားလွန်းနေပါသလား။ ထိုသို့ဖြစ်လျှင် နိုင်ငံတော်အတွက် အရင်းအမြစ်အသုံးပြုရသည့် ဝန်ထုပ်ဝန်ပိုးနည်းပါးသက်သာစေရန် လုံခြုံရေးကဏ္ဍကို 'သင့်တော်သည့် အင်အားဖြင့်ဖွဲ့စည်းရန်' လိုအပ်နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အနာဂတ်စီးပွားရေး လုံခြုံမှု /ဖူလုံမှုအတွက် အာမခံချက်ပေးနိုင်ရန် နည်းလမ်းရှာရပါမည်။

ဒုတိယအနေဖြင့် အကူးအပြောင်းကာလတွင် အဓိက ထည့်သွင်းစဉ်းစားရမည့်အချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရာတွင် **လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများ၏ ဩဇာသက်ရောက်မှုအတိုင်းအတာ** ဖြစ်ပါသည်။ ဥပမာ ချီလီနှင့် အင်ဒိုနီးရှားကဲ့သို့ နိုင်ငံအများအပြားတွင် လူ့အဖွဲ့အစည်း၏ ကြီးမားသောအပိုင်းအတွင်း လုံခြုံရေးကဏ္ဍသည် လုပ်ပိုင်ခွင့်အာဏာနှင့် တရားနည်းလမ်းကျသည်ဟု ရှုမြင်ခံရမှု အတိုင်းအတာတစ်ခု ဆက်လက်ရှိနေပြီး သဘောတူညီချက်ဖြင့် အကူးအပြောင်း ပြုလုပ်ရန်လိုအပ်ခြင်း ဖြစ်ပါသည်။ ရလဒ်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲချိန်တွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု (SSR) ကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ အခြားဖြစ်ရပ်များတွင် လုံခြုံရေးကဏ္ဍသည် တောင်းဆိုနိုင်သည့်အင်အားနည်းပါးပြီး လုံခြုံရေးကဏ္ဍနှင့် အရပ်ဖက်နိုင်ငံရေးဆက်စပ်

မှု ပြုပြင်ပြောင်းလဲခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီကပင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု (SSR) အပြည့်အစုံ ပြုလုပ်ပြီးစီးပါသည်။ Malvinas ခေါ် ဖောက်ကလန်ကျွန်း စစ်ပွဲပြီး နောက် အာဂျင်တီးနား တပ်မတော်သည် ထောက်ခံမှုဆုံးရှုံးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ညှိနှိုင်းဆွေးနွေးခြင်း များတွင် ဩဇာသက်ရောက်မှု လျော့နည်းကျဆင်းသွားပုံကို ဥပမာအဖြစ် လေ့လာနိုင်ပါသည်။

တတိယအချက်မှာ **အကျိုးစီးပွားများ**ကိစ္စဖြစ်ပြီး ဩဇာသက်ရောက်မှုနှင့် ဆက်စပ်နေပါသည်။ အရေးပါဆုံး အကျိုးစီးပွားမှာ လုံခြုံရေးကဏ္ဍနှင့် အထူးသဖြင့် တပ်မတော်သည် နိုင်ငံရေးအာဏာကို စွန့်လွှတ်လိုသည့် ဆန္ဒရှိမရှိ ဖြစ်ပါသည်။ အင်ဒိုနီးရှားကဲ့သို့သော အချို့နိုင်ငံများတွင် အကူးအပြောင်းမဖြစ်မီ တပ်မတော်သည် နိုင်ငံရေးမှထွက်ခွာရန် နှစ်ပေါင်းများစွာဆွေးနွေးရပါသည်။ အီဂျစ်ကဲ့သို့သော နိုင်ငံများ တွင် တပ်မတော်ခေါင်းဆောင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အောက်တွင် (တပ်မတော်မှ ရွေးချယ် သော) သမ္မတသစ်က ဦးဆောင်လျက် တရားဝင်အကူးအပြောင်း ပြုလုပ်ရန်ဆန္ဒရှိပါသည်။ သို့သော် အရပ် ဖက်မှ ကြီးကြပ်ခြင်းနှင့် တာဝန်ယူမှု တာဝန်ခံမှုနယ်ပယ်တွင်မူ စစ်မှန်သောတိုးတက်မှုများ လုပ်ဆောင်လို ခြင်းမရှိပါ။ ဖြစ်ရပ်အားလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများသည် စစ်ဖက်၏ အကျိုး စီးပွားဖြစ်ပုံအပေါ် မူတည်၍ နိုင်ငံရေးမှထွက်ခွာရန် အထောက်အကူ သို့မဟုတ် အဟန့်အတား ကြုံတွေ့ရ ခြင်း ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်း၍ အပေးအယူညှိနှိုင်းရာတွင် မည်သည့်အပိုင်းများ ပါဝင်နိုင်ပြီး မည်သည်တို့မှာ ညှိနှိုင်းဆွေးနွေးခြင်းမပြုနိုင်ကြောင်း စဉ်းစားရပါမည်။ ဥပမာ စပိန်နှင့် ချီလီနိုင်ငံတို့တွင် တပ်မတော်သည် ဘတ်ဂျက်၊ ဝယ်ယူရေးနှင့် ရာထူးတိုးမြှင့်ခြင်းကဲ့သို့သော ကိစ္စရပ်များတွင် မိမိတို့၏ လုပ် ပိုင်ခွင့်များကို ထိန်းသိမ်းကာကွယ်လျက် အရပ်သားအာဏာပိုင်များ၏ ကြီးကြပ်မှုကိုမခံယူသည့် တပ်မတော် ၏ ကိုယ်တိုင်ဆုံးဖြတ်ဆောင်ရွက်ခွင့်ကို အများအပြားဆက်လက်ရယူထားရန် ကြိုးပမ်းခဲ့ပါသည်။

စနစ်တစ်ခုလုံးအတိုင်းအတာဖြင့် ကြီးလေးသော **လူ့အခွင့်အရေးချိုးဖောက်မှုများ** ဖြစ်ပွားသည့် အထောက်အထားများကို တွေ့ရှိရသော တောင်အာဖရိကကဲ့သို့သော နိုင်ငံများတွင် လုံခြုံရေးကဏ္ဍ တပ်ဖွဲ့ ဝင်များ၏ အဓိကစိုးရိမ်ပူပန်မှုများအနက် တရားစွဲဆိုတင်ပို့ခံရခြင်းမှ အကာအကွယ်တစ်မျိုးမျိုး ရရှိလိုခြင်း လည်း ပါဝင်နိုင်ပါသည်။ ဤကိစ္စသည် ပြုပြင်ပြောင်းလဲရေးသမားများ၏ လုပ်ငန်းစဉ်တွင်လည်း ထိပ်တန်းမှ ပါဝင်နိုင်ပါသည်။ အကူးအပြောင်းကာလ တည်ငြိမ်မှု မပျက်ပြားစေရန် လွတ်ငြိမ်းချမ်းသာခွင့် ပုံစံတစ်မျိုး မျိုးကို မလွဲမရှောင်သာ ပေးအပ်ရတတ်ပါသည်။ အရပ်ဖက်ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်သူများနှင့် ယခင် အစိုးရအကြား ပိုမိုကျယ်ပြန့်သော သဘောတူညီချက်တွင် ပါဝင်လေ့ရှိပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ကြီးလေးသော အလွဲပြုမှုမှုများဖြစ်ပွားခဲ့သော နေရာများတွင် နိုင်ငံတကာဖိအားပေးမှုနှင့် ပြုပြင်ပြောင်းလဲ ရေး လုပ်ဆောင်သူများအတွက် ထောက်ခံပံ့ပိုးမှုများ ပိုမိုများပြားဖွယ်ရာရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများတွင် လုံခြုံရေးကဏ္ဍမှ အဓိကပါဝင်သူများအနေဖြင့် ဩဇာသက်ရောက်မှုလည်း ပိုမိုနည်းပါးဖွယ်ရာ ရှိပါသည်။

တစ်ခါတစ်ရံ အီဂျစ်နှင့် မြန်မာကဲ့သို့သော စစ်အစိုးရ သို့မဟုတ် စစ်ဖက်မှလွှမ်းမိုးသော အစိုးရမှ ကာလကြာရှည်အုပ်ချုပ်သည့် ပကတိအခြေအနေရှိသော နိုင်ငံများတွင် စစ်ဖက်အနေဖြင့် **စီးပွားရေးအကျိုး စီးပွားများ** အများအပြားရှိတတ်ပါသည်။ ဥပမာ စစ်ဖက်မှ ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများနှင့် မြေပိုင် ဆိုင်မှုများ ဖြစ်ပါသည်။ အစိုးရရာထူးနေရာများတွင် ခန့်အပ်ခြင်း၊ လုံခြုံရေးကဏ္ဍအတွင်း ပုဂ္ဂလိက ကဏ္ဍ အကျိုးစီးပွားများ ပါဝင်ပတ်သက်သည့် ရှုပ်ထွေးသော ကျေးဇူးခံ ကျေးဇူးစား သစ္စာခံ ကွန်ရက်များလည်း ရှိ နိုင်ပါသည် (ဥပမာ အီဂျစ်နိုင်ငံတွင်း အခြေအနေကို Sayigh 2012 တွင် လေ့လာနိုင်ပါသည်။ ယီမင်နိုင်ငံတွင်း

အခြေအနေကို Salisbury 2015 တွင် ဖတ်ရှုနိုင်ပါသည်။)။ ပကတိအခြေအနေကိုနားလည်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်းများသည် ယင်းကွန်ရက်များကို မည်သို့ ပျက်ပြားစေနိုင်ကြောင်း၊ မည်သည့်အကျိုးဆက်များရှိမည်ဖြစ်ကြောင်း နိုင်ငံရေးဘောဂဗေဒ ဆန်းစစ်ချက်လိုအပ်ပါသည်။

ထို့အပြင် အချို့ဖြစ်ရပ်များတွင် တပ်မတော်အနေဖြင့် နယ်မြေတည်တံ့ခိုင်မြဲရေးမှ အစပြု၍ ဘာသာစကား၊ မိသားစု၊ ဘာသာရေးအထိ ကိစ္စရပ်အသီးသီးတွင် လူ့အဖွဲ့အစည်းအပေါ် စံနှုန်းပိုင်း မျှော်မှန်းချက်နှင့် **လူ့အဖွဲ့အစည်းအတွက် တန်ဖိုးများ** ရှိနိုင်ပါသည်။ ယင်းပကတိအခြေအနေများတွင် တပ်မတော်၏ လုပ်ပိုင်ခွင့် နှင့် ကိုယ်တိုင်ဆုံးဖြတ်ခွင့်ဆိုင်ရာ အတိအလင်းပြဋ္ဌာန်းချက်များကို အပြင်းအထန် ဆွေးနွေးငြင်းခုန်ရသကဲ့သို့ တန်ဖိုးများကို ဖော်ပြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များကို ညှိနှိုင်းဆွေးနွေးရာတွင်လည်း အခြေအတင် ဆွေးနွေးရတတ်ပါသည်။ ယင်းတို့ကိုလည်း အထွေထွေ ဖွဲ့စည်းပုံအခြေခံဥပဒေ အစီအမံအတွင်း တစ်နည်းနည်းထည့်သွင်းရန် လိုအပ်ပါသည်။

နောက်ဆုံးအနေဖြင့် **ကိုယ်စားပြုနိုင်မှု**ကိုလည်း မေးခွန်းထုတ်ဖွယ်ရာ ရှိပါသည်။ အချို့နိုင်ငံများတွင် စစ်ဖက်ခေါင်းဆောင်များသည် အရပ်ဖက်နိုင်ငံရေးပါတီများနှင့် တိုက်ရိုက်ညှိနှိုင်း ဆွေးနွေးပါသည်။ အချို့နိုင်ငံများတွင်မူ ပဋိပက္ခလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ရခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ညှိနှိုင်းဆွေးနွေးသည့် စားပွဲဝိုင်းတွင် ပါဝင်ဆွေးနွေးလိုသည့် လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးရှိနေနိုင်ပါသည်။ အရပ်ဖက်နှင့်အာဏာရှင် ဆွေးနွေးရသည့် အခြေအနေများတွင် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများသည် နိုင်ငံရေးပါတီ သို့မဟုတ် ခေါင်းဆောင်များနှင့် နီးကပ်စွာချိတ်ဆက်မှုရှိပြီး ဆွေးနွေးညှိနှိုင်းမှုများအပေါ် ယင်းတို့မှတဆင့် ဩဇာသက်ရောက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ နောက်ဆုံးအနေဖြင့် လုံခြုံရေးကဏ္ဍကို တစ်ခုတည်းအနေဖြင့် မရှုမြင်သင့်ပါ။ အဖွဲ့အစည်းအသီးသီးတွင် မတူညီသော အကျိုးစီးပွားများရှိပြီး တပ်မတော်တွင် 'သဘောထားတင်းမာသူများ'နှင့် 'သဘောထားပျော့ပျောင်းသူများ' ဟူ၍ ခွဲခြားနိုင်သည်သာ ဖြစ်ပါသည်။ အချုပ်အားဖြင့် အကူးအပြောင်းကာလ ပကတိအခြေအနေက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအဓိကကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲမှုဖြစ်နိုင်သည့် အတိုင်းအတာ၊ အပြောင်းအလဲပြုလုပ်သည့် အမြန်နှုန်း၊ ညှိနှိုင်းဆွေးနွေးမှုများ၏ ပုံစံနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ပါဝင်သူများကို အဆုံးအဖြတ်ပေးသွားဖွယ်ရာ ရှိပါသည်။ အရေးပါဆုံး ပကတိအခြေအနေဆိုင်ရာ ထည့်သွင်းစဉ်းစားရန်အချက်များမှာ သာမန်အားဖြင့် နိုင်ငံတော်အပိုင်းနှင့် နိုင်ငံတော်အပိုင်းမဟုတ်သော လုံခြုံရေးကဏ္ဍ ပုံသဏ္ဍာန်နှင့် လုပ်ငန်းများ၊ လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများ၏ အကျိုးစီးပွားများနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ယင်းအဖွဲ့အစည်းခေါင်းဆောင်များ၏ ဩဇာသက်ရောက်မှုတို့ဖြစ်ပါသည်။ အကူးအပြောင်း မည်သို့ဖြစ်ပွားနိုင်ကြောင်း၊ အထူးသဖြင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ အကူးအပြောင်းသည် မည်သည့်အသွင်ဆောင်နိုင်ကြောင်းတို့ကို နားလည်သဘောပေါက်ရန် ဦးစွာဖော်ပြပါရှိအရေးပါသော ပကတိ အခြေအနေအကြောင်းအချက်များကို ဆန်းစစ်ရန်လိုအပ်ပါသည်။

နောက်ပိုင်းအခန်းများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ ဆက်စပ်ပုံနှင့် စပ်လျဉ်း၍ လုပ်နည်းလုပ်ဟန်များကို နှိုင်းယှဉ်လေ့လာ ဖော်ပြထားပါသည်။ ကိစ္စရပ် အများအပြားမှာ အပြန်အလှန် ဆက်စပ်နေသော်လည်း အကြောင်းအရာအားဖြင့် အုပ်စု ၆ စု ခွဲခြားနိုင်ပါသည်။ ယင်းတို့မှာ အရပ်ဖက်ကွပ်ကဲမှုနှင့် ကြီးကြပ်မှု၊ လုပ်ငန်းများကို ခွဲခြားထားခြင်းနှင့် အမျိုးသားလုံခြုံရေး ကောင်စီများ၊ ဥပဒေ စာချုပ်စာတမ်း၊ လုပ်ငန်းများ ရှေ့နောက်စီစဉ်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်များနှင့် အကူးအပြောင်း တရားမျှတမှုနှင့် စီးပွားရေးအကျိုးစီးပွားများ ဖြစ်ပါသည်။

၄။ အရပ်ဖက်မှ ကွပ်ကဲခြင်းနှင့် ကြီးကြပ်ခြင်း

လုံခြုံရေးကဏ္ဍကို ဒီမိုကရေစီနည်းကျ ကြီးကြပ်ခြင်းဆိုသည်မှာ နိုင်ငံတော်၏ လုံခြုံရေးယန္တရားကို ပေးအပ်ထားသည့် ‘တာဝန်များ၊ ဖွဲ့စည်းပုံနှင့် ခန့်အပ်ခြင်းတို့ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ပိုင်ခွင့် အာဏာ’သည် အရပ်သားအစိုးရထံတွင် ရှိခြင်းကိုဆိုလိုပါသည် (Trinkunas 2005: 5)။ ဤနေရာတွင် ဟန်ချက်ညီဆောင်ရွက်နိုင်ရန်မှာ သိမ်မွေ့သောလုပ်ငန်းဖြစ်ပါသည်။ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ထောက်လှမ်းရေး အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများအပေါ် သစ္စာခံရမည်ဖြစ်ပြီး အရပ်ဖက်ကွပ်ကဲမှုအောက်တွင် ရှိရပါမည်။ တစ်ချိန်တည်းမှာပင် အရပ်ဖက်အာဏာပိုင်များက ပါတီစွဲ အုပ်စုစွဲ အလွဲသုံးခြင်းကိုမခံရစေရန် အကာအကွယ်ပေးရပါမည်။ ပြည်တွင်းပြည်ပ ခြိမ်းခြောက်အန္တရာယ်များကို တုံ့ပြန်နိုင်သည့် လုံလောက်သောအင်အားရှိသော်လည်း ဥပဒေ၏ ပြဋ္ဌာန်းချက်အတိုင်းသာလျှင် အဖွဲ့အစည်းများနှင့် အရာရှိများထံ တာဝန်ယူ တာဝန်ခံစေရပါမည်။

အရပ်ဖက်မှ ကြီးကြပ်ရေးအတွက် အသုံးပြုလေ့ရှိသည့် အဓိကအစီအမံတစ်ရပ်မှာ လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းအားလုံး၏ ကွပ်ကဲမှုစုဖွဲ့ပုံ အမြင့်ဆုံးနေရာတွင် အရပ်ဖက်ဝန်ကြီးဌာနများကို ထားရှိရန်ဖြစ်ပါသည်။ သို့ဖြင့် လုံခြုံရေးအဖွဲ့အစည်းတစ်ဖွဲ့စီ၏ ဆောင်ရွက်ချက်များအတွက် နိုင်ငံရေးအရ တာဝန်ယူရမည့် အရပ်သားတစ်ဦးရှိပြီး ၎င်းထံ သက်ဆိုင်ရာအဖွဲ့အစည်းက အစီရင်ခံတင်ပြရပါမည်။ အစိုးရအကြီးအကဲနှင့် လုံခြုံရေးကဏ္ဍတို့အကြား ဝန်ကြီးနှင့် ကျွမ်းကျင်ပရော်ဖက်ရှင်နယ် ဝန်ထမ်းအဖွဲ့အစည်းတို့ ကြားခံနေခြင်းကြောင့် အာဏာအလွဲသုံးစားပြုခြင်းကို လျှော့ချရန်လည်း အထောက်အကူဖြစ်ပါသည်။ အာဏာရှင်ခေတ်လွန် ဖွဲ့စည်းပုံအခြေခံဥပဒေများ၌ စစ်ဖက်က အစိုးရအကြီးအကဲထံ တိုက်ရိုက်အစီရင်ခံရန် ပြဋ္ဌာန်းထားသည့် ဥပမာများကို အင်ဒိုနီးရှားနှင့် အီရန်နိုင်ငံတို့တွင် တွေ့မြင်နိုင်ပါသည်။ ထိုသို့ပြဋ္ဌာန်းထားခြင်းဖြင့် ဝန်ကြီးအဖွဲ့ အတွင်းဆွေးနွေးခြင်း သို့မဟုတ် တိုင်ပင်ဆွေးနွေးခြင်းများပြုလုပ်ရန် မလိုအပ်တော့ပါ။ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ တပ်မတော်နှင့် ရဲတပ်ဖွဲ့အတွက် ဝန်ကြီးများသီးခြားထားရှိရန် (အပိုဒ် ၂ဝ၁ (၁) နှင့် ၂ဝ၆ (၁) တို့တွင် အသီးသီး) ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် တပ်မတော်နှင့် ရဲတပ်ဖွဲ့အတွက် အရပ်သားများဖြင့် ဖွဲ့စည်းထားသည့် ရုံးအဖွဲ့များလည်း သီးခြားစီထားရှိရပါသည် (အပိုဒ် ၂ဝ၄ နှင့် ၂ဝ၈ တို့တွင် အသီးသီး ပြဋ္ဌာန်းပါသည်)။

ဥပဒေပြုကော်မတီများထားရှိခြင်းသည်လည်း အရပ်ဖက်ကြီးကြပ်မှု ပေးနိုင်ရေးအတွက် အရေးကြီးသည့် ထိရောက်သော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ လွှတ်တော်အနေဖြင့် လုံခြုံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်မည်ဆိုပါက မေးမြန်းသင့်သောမေးခွန်းများကို မေးမြန်းနိုင်ရန်နှင့် အဖြေများကို နားလည်

နိုင်ရန် ကျွမ်းကျင်မှုလိုအပ်ပါသည်။ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ အပြောင်းအလဲများ ပြားသည့် အခြေအနေတွင် ကျွမ်းကျင်မှုရှိရန်မှာ ပိုမိုခက်ခဲပါသည်။ သို့သော် လုံခြုံရေးကိစ္စရပ်များတွင် လွှတ်တော်က ထဲထဲဝင်ဝင်ပါဝင်နိုင်မှသာ ဒီမိုကရေစီနည်းကျ အရပ်ဖက်နှင့်စစ်ဖက် ဆက်ဆံရေးများ ရှိနိုင်မည်ဖြစ်ပါသည်။ စင်စစ်အရပ်ဖက်နှင့်စစ်ဖက် ဆက်ဆံရေးများ မည်မျှဒီမိုကရေစီနည်းကျဖြစ်ကြောင်း မှန်ကန်စွာ ဟောကိန်းထုတ်နိုင်သည့်အချက်မှာ လုံခြုံရေးကိစ္စရပ်များတွင် လွှတ်တော်ကပါဝင်နိုင်မှု အတိုင်းအတာပင် ဖြစ်ပါသည်။

ဥပဒေပြုကော်မတီများဆောင်ရွက်သည့် လုပ်ငန်းတွင် လုံခြုံရေးနှင့်ပတ်သက်သည့် ဥပဒေများကို အခြေအတင် ဆွေးနွေးခြင်း၊ ကြားနာစစ်ဆေးပွဲများပြုလုပ်၍ ကြီးကြပ်ခြင်း၊ အစီရင်ခံစာများ တင်သွင်းစေခြင်း၊ တပ်မတော်ကို တာဝန်ပေးစေလွှတ်ရန် ဆုံးဖြတ်ရာတွင် အခန်းကဏ္ဍပါဝင်ခြင်း၊ လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများ၏ ဘတ်ဂျက်နှင့် အသုံးစရိတ်အပေါ် ထိန်းချုပ်ခြင်းတို့ဖြစ်ပါသည်။ ဥပဒေပြုကဏ္ဍ၏ ကြီးကြပ်မှု ထိရောက်စေရန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်စာသားအပြင် အခြားအကြောင်းအချက်များစွာတို့ အပေါ်မူတည်မည် ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အားကောင်းသော ကျယ်ပြန့်သည့် ကြီးကြပ်ရေးလုပ်ပိုင်ခွင့်များ ပြဋ္ဌာန်းပေးရန် (ဥပမာ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၅၅ နှင့် ၅၆ ကို ကြည့်ပါ) နှင့် ယင်းသို့ ထိန်းချုပ်မှုကို တားဆီးပိတ်ဆို့သည့် အစီအမံများ အတိအလင်းမပါဝင်ရန် အရေးကြီးပါသည်။ ဥပမာ အီဂျစ်နိုင်ငံ၏ ၂၀၁၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၀၃ တွင် စစ်ဖက်မှ အများစု ပါဝင်သော အမျိုးသားကာကွယ်ရေးကောင်စီသည် တပ်မတော်ဘတ်ဂျက်ကိုဆွေးနွေးရန် တာဝန်ရှိပြီး နိုင်ငံတော်ဘတ်ဂျက်တွင် ကိန်းဂဏန်းတစ်ခုတည်းအဖြစ်သာ ထည့်သွင်းရန်ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်၍ ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) က စိစစ်နိုင်ခြင်းမရှိပါ။

ယင်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းရန် စဉ်းစားနိုင်သော ကြီးကြပ်ရေးအခြား အစီအမံများလည်း ရှိပါသည်။ လွှတ်တော်သို့ အစီရင်ခံတင်ပြရန်သတ်မှတ်ခြင်း (ဥပမာ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၀၇ (၅) တွင် ပြည်နယ်ရဲမှူးများအား ပြည်နယ်လွှတ်တော်သို့ နှစ်စဉ် အစီရင်ခံတင်ပြရန် သတ်မှတ်ထားပါသည်)၊ တိုင်ကြားချက်အစီအမံများ တည်ထောင်ထားရှိခြင်း (ဥပမာ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၀၆ (၆) တွင် ပြည်နယ်အဆင့် ရဲတပ်ဖွဲ့အား တိုင်ကြားချက်များဆိုင်ရာ ပြဋ္ဌာန်းထားပါသည်) နှင့် သီးခြားလွတ်လပ်သော ကြီးကြပ်ရေးအဖွဲ့အစည်းများ တည်ထောင်ထားရှိခြင်းတို့ ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း၍ အခိုင်အမာပြဋ္ဌာန်းလျက် သီးခြားလွတ်လပ်သော ကြီးကြပ်ရေးအဖွဲ့ တည်ထောင်ခြင်းကို ကင်ညာနိုင်ငံ၏ ၂၀၁၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တွေ့ရှိနိုင်ပါသည်။ အပိုဒ် ၂၄၆ တွင် အမျိုးသား ရဲတပ်ဖွဲ့ကော်မရှင်ကို ရဲစစ်ဆေးရေးမှူးချုပ်၊ ဒုတိယစစ်ဆေးရေးမှူးချုပ်နှစ်ဦး၊ အငြိမ်းစား ရဲအရာရှိနှစ်ဦး၊ တရားလွှတ်တော် တရားသူကြီး၏ အရည်အချင်းနှင့် ပြည့်မီသူတစ်ဦး၊ ပြည်သူ့ဝန်ထမ်းအဖြစ် ထူးခြားပြောင်မြောက်စွာ တာဝန်ထမ်းဆောင်ခဲ့သည့် မှတ်တမ်းရှိသူ သုံးဦးတို့ဖြင့် ဖွဲ့စည်းရန် ပြဋ္ဌာန်းထားပါသည်။ တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၁၀ (ခ) တွင် ထောက်လှမ်းရေးလုပ်ငန်းအားလုံးကို အရပ်ဖက်မှ စောင့်ကြည့်စစ်ဆေးမည့် သီးခြားလွတ်လပ်သော စစ်ဆေးရေးအရာရှိ ထားရှိရန် ပြဋ္ဌာန်းပါသည်။ အကောင်အထည်ဖော်ဆောင်ရေးဥပဒေ (၁၉၉၄ ခုနှစ် ထောက်လှမ်းရေးအဖွဲ့အစည်းများ ကွပ်ကဲရေး ပြင်ဆင်ချက်အက်ဥပဒေအရ ပြင်ဆင်ထားသည့် ၁၉၉၄ ခုနှစ် ထောက်လှမ်းရေးဆိုင်ရာနှင့် ထောက်လှမ်းရေး စစ်ဆေးရေးအရာရှိချုပ်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကော်မတီ အက်ဥပဒေ) တွင်လည်း ထောက်လှမ်းရေးလုပ်ငန်းအားလုံးကို အရပ်ဖက်မှ စောင့်ကြည့်စစ်ဆေးရေးနှင့် ကွပ်ကဲရေးလုပ်

ပိုင်ခွင့်များ အတိအလင်း ပေးအပ်ထားသည့် လွှတ်တော် ကော်မတီတစ်ရပ်ဖွဲ့စည်းရန် ပြဋ္ဌာန်းပါသည်။

ထိုသို့ ကြီးကြပ်ရေးအဖွဲ့အစည်းများနှင့် အစီအမံများကို ဖွဲ့စည်းတည်ထောင်ရာတွင် ပါဝင်မည့် သူများကို နိုင်ငံရေးအရနှင့် တိုင်းရင်းသားလူမျိုးအရ စဉ်းစားရန်အရေးကြီးပါသည်။ ဥပမာ ကင်ညာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄၆ (၄) တွင် အမျိုးသား ရဲတပ်ဖွဲ့ကော်မရှင်သည် 'ကင်ညာပြည်သူလူထု၏ ဒေသအလိုက်နှင့် တိုင်းရင်းသား မတူကွဲပြားမှုကို ထင်ဟပ်ရမည်' ဟု ပြဋ္ဌာန်းထားပါသည်။ တောင်အာဖရိက နိုင်ငံ၏ ထောက်လှမ်းရေးဆိုင်ရာ ပူးတွဲအမြဲတမ်းကော်မတီကိုလည်း ဥပဒေပြဋ္ဌာန်းချက်ပါ ပုံသေနည်းအတိုင်း နိုင်ငံရေးပါတီများမှ အချိုးကျကိုယ်စားပြုပါဝင်လျက် ဖွဲ့စည်းပါသည်။

၅။ လုပ်ငန်းများခွဲခြားထားခြင်းနှင့် အမျိုးသားလုံခြုံရေးကောင်စီများ

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီနည်းကျ ရေးဆွဲပြဋ္ဌာန်းရာတွင် အခြေခံအဖြစ် ကျင့်သုံးကြသည့် အရေးပါသော မူတစ်ရပ်မှာ လုပ်ပိုင်ခွင့်အာဏာများကို ခွဲခြားထားခြင်းဖြစ်ပါသည်။ နိုင်ငံတော်၏ တာဝန်များကို အဖွဲ့အစည်းအသီးသီးသို့ ခွဲဝေစိတ်ပိုင်း၍ ဖြန့်ကြက်အပ်နှင်းထားခြင်းဖြင့် ဆိုးဝါးသောအုပ်ချုပ်မှုကို တားဆီးကာကွယ်နိုင်သည်ဟူသော အဆိုနှင့်အညီ ကျင့်သုံးခြင်းဖြစ်ပါသည်။ လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများအတွက်လည်း အလားတူမူကို ကျင့်သုံးပါသည်။ ဒီမိုကရေစီနိုင်ငံများတွင် တပ်မတော်၏ (ပြည်ပရန်ကာကွယ်ရေး) အခန်းကဏ္ဍ၊ ရဲတပ်ဖွဲ့၏ (ပြည်တွင်း တရားဥပဒေစိုးမိုးရေး) အခန်းကဏ္ဍနှင့် ထောက်လှမ်းရေးအဖွဲ့အစည်းများ၏ (အမျိုးသားအကျိုးစီးပွားနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ စုဆောင်းလျက် ပြည်တွင်းပြည်ပ လုံခြုံရေးခြိမ်းခြောက်မှုအန္တရာယ်များကို သုံးသပ်ရေး) အခန်းကဏ္ဍဟူ၍ ရှင်းလင်းစွာ ခွဲခြားထားသင့်ပါသည်။ ဤသို့ တပ်–ရဲ–လှမ်း အခန်းကဏ္ဍများ ခွဲခြားပုံကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စတက်ကျူပြဋ္ဌာန်းဥပဒေ မူဘောင်ချမှတ်လျက် ဖော်ပြထားရန်ဖြစ်ပါသည်။ ယင်းမူဘောင်တွင် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းအသီးသီး၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို ရှင်းလင်းဖော်ပြခြင်း၊ ကန့်သတ်ခြင်း၊ တစ်ဖွဲ့စီ၏ ထူးခြားသော ဖွဲ့စည်းပုံကို သတ်မှတ်ပြဋ္ဌာန်းပေးခြင်းများ ပါဝင်ရပါသည်။ ဤသို့ ဥပဒေများပြဋ္ဌာန်းခြင်းသည် ဦးတည်ချက် နှစ်ရပ်ရှိပါသည်။ လုံခြုံရေးအဖွဲ့အစည်းများ နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေခြင်းမှ ကင်းရှင်းစေရန်နှင့် အရပ်ဖက်အာဏာပိုင်များအနေဖြင့် လုံခြုံရေးအဖွဲ့အစည်းများကို မိမိတို့ဘက်အတွက် လွယ်လင့်တကူ အလွဲသုံးခြင်း မပြုနိုင်စေရန်ဖြစ်ပါသည်။

ဥပမာ အာဂျင်တီးနားနိုင်ငံတွင် အမျိုးသားကာကွယ်ရေးဥပဒေ (၁၉၈၈ ခုနှစ်) နှင့် ပြည်တွင်းလုံခြုံရေးဥပဒေ (၁၉၉၂ ခုနှစ်) တို့သည် တပ်မတော်အနေဖြင့် ပြည်တွင်းအန္တရာယ်များထက် ပြည်ပအန္တရာယ်များကို ကာကွယ်ရန် ပြဋ္ဌာန်းပေးသည့် ဥပဒေပိုင်းအခြေခံများဖြစ်ပါသည်။ အလားတူ စပိန်နှင့် ချီလီနိုင်ငံများတွင် လုပ်ငန်းများခွဲခြားသတ်မှတ်သည့် ဥပဒေမူဘောင်ကို ကနဦး ဒီမိုကရေစီအကူးအပြောင်းပြီးနောက် နှစ်အတန်ကြာတွင် ပြဋ္ဌာန်းခဲ့ပါသည်။ တောင်အာဖရိကနိုင်ငံတွင် တပ်မတော်သားအများအပြားသည် ပြည်တွင်းရှိ နိုင်ငံရေးခြိမ်းခြောက်မှုအန္တရာယ်များကိုတုံ့ပြန်ရန် အသုံးပြုခံရခြင်းကို ငြီးငွေ့လျက်ရှိပြီး ၁၉၉၄ ခုနှစ် ဒီမိုကရေစီ အကူးအပြောင်းမတိုင်မီကပင် ပြည်တွင်းလုံခြုံရေးတာဝန်မှဆုတ်ခွာရန် ကတိကဝတ်ပြုပြီး ဖြစ်ပါသည်။ စစ်လက်နက်များ တပ်ဆင်ထားသော အသွင်ယူ သို့မဟုတ် ရုပ်ပြောင်း ရဲတပ်ဖွဲ့များကို ပြည်ပသို့ စေလွှတ်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခြင်း၊ အဘက်ဘက်မှ ပြင်းထန်စွာဝေဖန်ခံရခြင်းတို့ကြောင့် တောင်အာဖရိက အခြေအနေမှာ ရဲနှင့် တပ် သီးခြားအခန်းကဏ္ဍများ ခွဲခြားလျက်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မဆိုင်း

မတွ ထည့်သွင်းပြဋ္ဌာန်းရန် အချိန်တန်နေသည့် အနေအထားဖြစ်ပါသည်။ သို့ဖြစ်၍ တောင်အာဖရိ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၂၀၀ (၂) နှင့် ၂၀၅ (၃) တို့တွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍများကို အသီးသီး ရှင်းလင်းစွာ ခွဲခြားသတ်မှတ်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။[1]

ဖယ်ဒရယ်နိုင်ငံများတွင် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများအကြား အာဏာခွဲဝေထားခြင်းသည် လုပ်ပိုင်ခွင့်ကိစ္စရပ်ဖြစ်လာပါသည်။ လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းအသီးသီးအပေါ် မည်သည့်အစိုးရအဆင့်က လုပ်ပိုင်ခွင့်အာဏာရှိသင့်သနည်း ဟူသောမေးခွန်းဖြစ်ပါသည် (Leuprecht, Kölling and Hataley 2019)။ ဖယ်ဒရယ်နိုင်ငံများတွင် တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများကို ယေဘုယျအားဖြင့် ဗဟိုအဆင့်မှ ထိန်းချုပ်ကွပ်ကဲပါသည်။ ရဲလုပ်ငန်းတာဝန်ကိုမူ ယေဘုယျအားဖြင့် ပြည်နယ်များက တာဝန်ယူပါသည်။ ထင်ရှားသော ချွင်းချက်အဖြစ် တောင်အာဖရိကနိုင်ငံသာလျှင် ရှိပါသည်။ ဒေသတွင်း သောင်းကျန်းမှု ဖြစ်ပွား ခဲ့ပြီးနောက် ပဋိပက္ခအလွန် အကူးအပြောင်းကာလတွင် အရေးပါသော ကိစ္စရပ်တစ်ခုမှာ သူပုန် ပြည်သူ့စစ် များကို မည်သို့စီစဉ်ဆောင်ရွက်မည်နည်းဟူသောကိစ္စဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းအချို့သည် မြန်မာ့တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် နယ်ခြားစောင့်တပ်ဖွဲ့များ (Border Guard Forces) အဖြစ် ဖွဲ့စည်းရန် ၂၀၀၉ ခုနှစ်တွင် သဘောတူညီခဲ့ပါသည်။ အခြားနည်းလမ်းတစ်ရပ်မှာ မြန်မာနိုင်ငံတွင် ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွက် အဆိုပြုထားသကဲ့သို့ ပြည်နယ်ရဲတပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း ဖြစ်ပါသည်။

ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့၏ အခန်းကဏ္ဍများ ရောယှက်နိုင်သည့် အခြေအနေတစ်ရပ်မှာ အရေး ပေါ်အခြေအနေကာလ ဖြစ်ပါသည်။ ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် သဘာဝဘေးများ ကျရောက် သည့်အခါ စီမံခန့်ခွဲရန်၊ ပြည်တွင်း အကြမ်းဖက်အရေးအခင်းများကို ငြိမ်သက်စေရန်၊ အခြားထူးခြားသော အခြေအနေများတွင် တုံ့ပြန်ဆောင်ရွက်ရန်အတွက် ဆုံးဖြတ်ပိုင်ခွင့်အာဏာများကို အုပ်ချုပ်ရေးပိုင်းထံ စုစည်း အပ်နှင်းခြင်း၊ တပ်မတော်အတွက် လုပ်ပိုင်ခွင့်များ တိုးချဲ့အပ်နှင်းခြင်းတို့ကို ပြဋ္ဌာန်းထားလေ့ရှိပါသည်။ ယင်းသို့သောအခြေအနေများကို အာဏာရှင်လုပ်လိုသော ရည်ရွယ်ချက်ရှိသည့် အစိုးရများက အလွဲသုံးတတ် ခြင်းကြောင့် ယင်းသို့သော ခြွင်းချက်ပြုသည့် အခြေအနေများအတွက် စည်းမျဉ်းထိန်းချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် စတက်ကျူခေါ် ပြဋ္ဌာန်းဥပဒေမူဘောင်ကို ဂရုတစိုက်ရေးဆွဲစီစဉ်လျက် ပြဋ္ဌာန်းထားသင့် ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအဆင့်တွင် အနိမ့်ဆုံးအားဖြင့် အရေးပေါ်အခြေအနေ ကြေညာနိုင်သည့် အကြောင်းများကို ကန့်သတ်ထားခြင်း၊ အရေးပေါ်အခြေအနေကို အတည်ပြုခြင်း၊ သက်တမ်းတိုးခြင်း၊ ကြီးကြပ်ခြင်းများလုပ်ဆောင်ရန် လွှတ်တော်အတွက် အရေးပါသောအခန်းကဏ္ဍကိုပြဋ္ဌာန်းထားခြင်း၊ လျှော့ ချ၍မရသော အခွင့်အရေးများ သတ်မှတ်ပြဋ္ဌာန်းထားခြင်းတို့ ပါဝင်စေရန်ဖြစ်ပါသည်။[2] ထို့အပြင် ယင်းသို့ သော အခြေအနေတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့သည် မိမိတို့၏ လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးရာတွင် လိုက်နာရမည့် စည်းမျဉ်းများကို ဥပဒေစည်းမျဉ်းများတွင် ရှင်းလင်းစွာပြဋ္ဌာန်းထားရှိရန် ဖြစ်ပါသည်။

လုံခြုံရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ ရောယှက်နိုင်သည့် အခြေအနေမှာ အရေးပေါ်အခြေ အနေများသာမက နိုင်ငံတကာ အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု စသည့် လုံခြုံရေး ခြိမ်းခြောက်အန္တရာယ်ပြုမှုများ ဖြစ်ပွားခြင်းလည်း ပါဝင်ပါသည်။ ယင်းအခြေအနေများတွင် လုံခြုံရေးအဖွဲ့ အစည်းများအား အခန်းကဏ္ဍ သီးခြားစီထားရှိသည့်အပေါ် ဖိအားများပြားလာပြီး လုံခြုံရေးကဏ္ဍအဖွဲ့အစည်း အသီးသီးကို ဦးဆောင်သူများသည်လည်း အချင်းချင်းသာမက နိုင်ငံရေးခေါင်းဆောင်ပိုင်းနှင့် ညှိနှိုင်းပေါင်း စပ်ဆောင်ရွက်ရန် အထူးအရေးကြီးပါသည်။ ဒီမိုကရေစီ နိုင်ငံအများအပြားသည် ဤစိန်ခေါ်မှုမျိုးကို ရင်ဆိုင် ရန် အထူးသဖြင့် မကြာသေးမီနှစ်များတွင် အစိုးရတစ်ရပ်လုံး ချဉ်းကပ်ပုံများကို ကျင့်သုံးလာကြပါသည်။

ဥပမာ ကင်ညာနိုင်ငံ၏ ၂၀၁၀ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသားလုံခြုံရေးကောင်စီ (NSC) ကို သမ္မတ၊ ဒုတိယသမ္မတ၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်တွင်းလုံခြုံရေးဝန်ကြီး၊ ရှေ့နေချုပ်၊ တပ်မတော်ခေါင်းဆောင်များ၊ အမျိုးသား ထောက်လှမ်းရေးအဖွဲ့အကြီးအကဲနှင့် ရဲတပ်ဖွဲ့အကြီးအကဲတို့ ပါဝင်လျက် ဖွဲ့စည်းတည်ထောင်ရန် သတ်မှတ်ပြဋ္ဌာန်းပါသည်။ ဤသို့သော အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိခြင်းဖြင့် ဝန်ကြီးဌာနအလိုက်သတင်းပို့ရန် တင်းကြပ်စွာသတ်မှတ်သည့် ချဉ်းကပ်ပုံများကျင့်သုံးရာ၌ အခက်အခဲရှိပါမည်။ သို့သော် ပိုမို၍ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်မည့်အပြင် ထောက်လှမ်းရေးသတင်းများကိုလည်း မျှဝေနိုင်ပါမည်။ လုံခြုံရေးအတွက် အစိုးရတစ်ရပ်လုံးက တာဝန်ယူဆောင်ရွက်ရန် နိုင်ငံသားများက မျှော်မှန်းသည့် ပကတိအခြေအနေကိုလည်း အသိအမှတ်ပြုရာ ရောက်ပါသည်။

ကင်ညာ ဥပမာမှ လေ့လာသိရှိနိုင်သည့် အခြားအချက်နှစ်ချက်ရှိပါသည်။ ပထမအချက်မှာ အမျိုးသားလုံခြုံရေးကောင်စီ (NSC)တွင် အရပ်ဖက်မှ အများစုပါဝင်ခြင်းဖြစ်ပါသည်။ လုံခြုံရေးအပိုင်းမှလည်း သင့်တော်သော သတင်းအချက်အလက် တင်ပြမှုများ ပြုလုပ်နိုင်ပါသည်။ နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်ခွင့်သည် ပြည်သူလူထုက ဒီမိုကရေစီနည်းကျ လုပ်ပိုင်ခွင့်အပ်နှင်းပြီး ပြည်သူလူထုထံသို့ တာဝန်ယူ တာဝန်ခံရမည့်သူများ၏ လက်ဝယ်ရှိစေရေးအတွက် ဤပထမအချက်က အရေးကြီးပါသည်။ ဒုတိယအချက်မှာ အမျိုးသားလုံခြုံရေးကောင်စီကဲ့သို့သော အဖွဲ့အစည်းများတွင် စဉ်းစားဆွေးနွေးရမည့် အကြောင်းအရာများသည် လျှို့ဝှက်ထားရန် လိုအပ်မည်မှာထင်ရှားပါသည်။ သို့ဖြစ်၍ အမျိုးသားလုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ကြီးကြပ်ရာ၌ စိန်ခေါ်မှုအခက်အခဲများဖြစ်ပေါ်နိုင်ပါသည်။ ဤပြဿနာကို ဖြေရှင်းရန် ကင်ညာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄၀ (၇) တွင် အမျိုးသားလုံခြုံရေးကောင်စီသည် လွှတ်တော်သို့ နှစ်စဉ် အစီရင်ခံတင်ပြရမည်ဟု ညွှန်ကြားထားပါသည်။ ဆက်လက်၍ အကောင်အထည်ဖော်သည့်ဥပဒေ ပြဋ္ဌာန်းရာတွင်လည်း (အမျိုးသားလုံခြုံရေးကောင်စီအက်ဥပဒေ ၂၀၁၂ ခုနှစ်) လွှတ်တော်သည် အမျိုးသားလုံခြုံရေးကောင်စီကို ခေါ်ယူ၍ မည်သည့်ကိစ္စအတွက်မဆို အစီရင်ခံတင်ပြစေနိုင်ကြောင်း၊ ယင်းအမျိုးသားလုံခြုံရေးကောင်စီကို အတွင်းရေး လျှို့ဝှက်ထားရှိခြင်းဆိုင်ရာ စည်းမျဉ်းများချမှတ်ရန် လမ်းညွှန်ကြောင်း၊ ယင်းစည်းမျဉ်းများအတွက် လွှတ်တော်၏အတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း၊ အမျိုးသားလုံခြုံရေးကောင်စီက အတွင်းရေးလျှို့ဝှက်ထားရှိမှုကြောင့် သတင်းအချက်အလက် ရယူသိရှိခွင့်ကို အကန့်အသတ်ဖြစ်သည့် နည်းလမ်းများကို ဖော်ပြရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေမူဘောင်တွင် လုံခြုံရေးအဖွဲ့အစည်းအသီးသီး၏ အခန်းကဏ္ဍနှင့် ဖွဲ့စည်းတည်ဆောက်ပုံတို့ကို ရှင်းလင်းစွာဖော်ပြထားရပါမည်။ တစ်ချိန်တည်းမှာပင် အမျိုးသားလုံခြုံရေးကောင်စီသည် လုံခြုံရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်မျှဝေခြင်း၊ ခြိမ်းခြောက်မှု အန္တရာယ်များကို အစိုးရတစ်ရပ်လုံး တုံ့ပြန်နိုင်ရန် ဆောင်ရွက်ခြင်းတို့အတွက် အရေးပါသော အဖွဲ့အစည်းဖြစ်သည့်တိုင် အရပ်သားအများစုပါဝင်လျက် ဖွဲ့စည်းသင့်ပါသည်။ အတွင်းရေးလျှို့ဝှက်ထားရှိရန် လိုအပ်ချက်နှင့် ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်းများ အလုံအလောက် ချမှတ်ထားရှိရေးတို့ကို ဟန်ချက်ညီစေရန် ဂရုတစိုက် စဉ်းစားသင့်ပါသည်။

ဤအပိုင်းအတွက် မှတ်စုများ

1. ပြဋ္ဌာန်းချက် အပိုဒ် ၂၀၀ (၂) တွင် 'ကာကွယ်ရေးတပ်မတော်၏ အခြေခံရည်ရွယ်ချက်မှာ သမ္မတနိုင်ငံ၊ သမ္မတနိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်' ဟု

လည်းကောင်း၊ အပိုဒ် ၂၀၅ (၃) တွင် 'ရဲတပ်ဖွဲ့၏ ရည်ရွယ်ချက်များမှာ ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန်၊ တိုက်ဖျက်ရန်နှင့် စုံစမ်းစစ်ဆေးရန်၊ အများပြည်သူ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန်၊ သမ္မတနိုင်ငံအတွင်း နေထိုင်သူများနှင့် ပိုင်ဆိုင်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဥပဒေကို ထိန်းသိမ်းလျက် ချိုးဖောက်မှုများကို အရေးယူရန်ဖြစ်သည်' ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။ (South Africa 1996)

2. ဒီမိုကရေစီနိုင်ငံများတွင် အရေးပေါ်အာဏာများ သတ်မှတ်ထားရှိပုံကို Bulmer (2018) တွင် ထပ်မံ၍ လေ့လာနိုင်ပါသည်။

၆။ ဥပဒေစာချုပ်စာတမ်းများ

ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများတွင် အရေးပါသော ကိစ္စရပ်တစ်ခုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေစာသားတွင် ထည့်သွင်းပြဋ္ဌာန်းသင့်သည့် အချက်များနှင့် နောင်အခါ ဥပဒေနှင့် စည်းမျဉ်းများတွင် ထည့်သွင်းပြဋ္ဌာန်းသင့်သည့်အချက်များကို ပိုင်းခြားရန်ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သော ကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်ထည့်သွင်းပြဋ္ဌာန်းသင့်သလော၊ ယေဘုယျပြဋ္ဌာန်းသင့်သလော၊ သို့မဟုတ် မပြဋ္ဌာန်းဘဲထားသင့်သလော။ အပိုင်း ၃ တွင်ဆွေးနွေးခဲ့သော အချက်များနှင့် သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပတ်ဝန်းကျင်တို့အပေါ် အဓိကမူတည်ဆောင်ရွက်ရဖွယ်ရာရှိသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းနှင့် နောင်အခါမှ ဥပဒေတစ်ရပ်ရပ်တွင် ပြဋ္ဌာန်းရန်ထားရှိခြင်း နည်းလမ်းနှစ်မျိုးအနက် တစ်မျိုးမျိုးကိုသာ မဖြစ်မနေရွေးချယ်ရခြင်းက များပြားမည်ဖြစ်ပါသည်။ သို့ရာတွင် သက်ဆိုင်သူများနှင့် အကြံပေးများအနေဖြင့် ယင်းနည်းလမ်းနှစ်မျိုး၏ အကျိုးအပြစ် ဖြစ်နိုင်ခြေများနှင့် အကျိုးဆက်များကို သိရှိနားလည်ရန် အရေးကြီးပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်ပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းခြင်းသည် စတက်ကျူခေါ် သာမန်ပြဋ္ဌာန်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းထက် ပြင်ဆင်ရန်ပိုမိုခက်ခဲပါသည်။ ဤသို့ ပိုမိုခက်ခဲခြင်းသည် အကောင်းအဆိုး နှစ်မျိုးလုံးဖြစ်စေနိုင်ကြောင်း သတိပြုသင့်ပါသည်။ ကင်ညာနှင့် တောင်အာဖရိကနိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို အသေးစိတ်ပြဋ္ဌာန်းချက်များ အခြားနိုင်ငံများမှာထက် များစွာပိုမို၍ထည့်သွင်းပြဋ္ဌာန်းခြင်းအားဖြင့် ပြဋ္ဌာန်းချက်များ ခိုင်မာမှုရှိကြောင်း တွေ့ရပါသည်။ သို့သော် အီဂျစ်နှင့် အင်ဒိုနီးရှား နိုင်ငံများတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များကြောင့် လုံခြုံရေးကဏ္ဍကို ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲရေး အဟန့်အတားဖြစ်ခဲ့ပါသည်။ တဖန် အကူးအပြောင်းကာလသည် အထူးသဖြင့် အာဏာလက်လွှတ်ရမည့် စစ်အစိုးရအတွက် ယုံကြည်စိတ်ချမှု နိမ့်ကျသောအချိန်ကာလဖြစ်လေ့ရှိပါသည်။ ပြုပြင်ပြောင်းလဲရေးကို တစ်ဖြည်းဖြည်း လုပ်ဆောင်ခြင်းဖြင့် အတိုင်းအတာပိုမိုကျယ်ဝန်းစွာ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်း ပြုလုပ်စဉ် အပြောင်းအလဲအများအပြားကို အလုံးအရင်းဖြင့် လုပ်ဆောင်ရန်ကြိုးစားပါက ညှိနှိုင်းဆွေးနွေးမှုများ ပျက်ပြားခြင်း သို့မဟုတ် စစ်ဖက်မှ ပုန်ကန်ခြင်း ဖြစ်လာနိုင်ပါသည်။

ဥပဒေအရ အချို့သောအခြေအနေများတွင် အလယ်အလတ်နည်းလမ်းကိုလည်း ရွေးချယ်နိုင်ပါသည်။ ယင်းမှာ လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်ရန်နှင့် စည်းမျဉ်းထိန်းချုပ်ရန် organic laws ဟုခေါ်သော ဖွဲ့စည်းတည်ထောင်ခြင်းဥပဒေများကို အသုံးပြုခြင်းဖြစ်ပါသည်။ စပိန်နိုင်ငံနှင့်

ချီလီနိုင်ငံတို့တွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု ပြုလုပ်နိုင်ခဲ့သည့် အတိုင်းအတာမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြဋ္ဌာန်းချက်များပါ အတိုင်းအတာထက် များစွာကျော်လွန်ပါသည်။ ယင်းမှာ ဖွဲ့စည်းတည်ထောင်ခြင်း ဥပဒေများ (organic laws) ကို အချိန်ယူ၍ ညှိနှိုင်းဆွေးနွေးလျက် တစ်ဖြည်းဖြည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်ပြဋ္ဌာန်းချက် ပါဝင်မှုအတိုင်းအတာ မည်သို့ပင်ရှိစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်သည့် ဥပဒေတစ်မျိုးမျိုး လိုအပ်မည်သာ ဖြစ်ပါသည်။ ယင်းတို့ကို နောက်ပိုင်းမှ လွှတ်တော်ကပြဋ္ဌာန်းပေးရပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေက ဥပဒေပြဋ္ဌာန်းသည့် လုပ်ငန်းစဉ်ကို ထိမ်းကြောင်းလမ်းညွှန်မှုပြုသည့် တစ်ချိန်တည်းမှာပင် ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြုပြင်ပြောင်းလဲမှုများကိုလျှော့ချစေရန် ပြုပြင်ပြောင်းလဲရေးကို မလိုလားသူများက အတိုင်းအတာတစ်ခုအထိ ကြိုးပမ်းဆောင်ရွက်မှုများ အမြဲတစေပြုလုပ်ပေလိမ့်မည်။ ဥပမာ ကင်ညာနိုင်ငံတွင် ၂၀၁၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်း ဆက်လက်ပြဋ္ဌာန်းခဲ့သော ဥပဒေများတွင် စစ်ဆေးရေးအရာရှိချုပ်၏ သီးခြားလွတ်လပ်အမှီအခိုကင်းမှုကို လျှော့ချထားပါသည်။ ယင်းသို့ဖြစ်ရသည့်အကြောင်းများတွင် ပြုပြင်ပြောင်းလဲရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မျှော်မှန်းထားသည့် အတိုင်းအတာအထိ ရဲတပ်ဖွဲ့ကိုယ်တိုင်က မလုပ်ဆောင်လိုခြင်းလည်း ပါဝင်ပါသည်။

နောက်ဆုံးအနေဖြင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လုပ်ငန်းစဉ် အသေးစိတ်ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိသည့်တိုင် သို့မဟုတ် လုပ်ငန်းစဉ်ကို အကြမ်းမျှသာ ပြဋ္ဌာန်းထားလျှင် အထူးသဖြင့် အရေးပေါ်အခြေအနေတွင် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများအပေါ် အုပ်ချုပ်ရေးပိုင်း၏ လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်ရန် စဉ်းစားသင့်ပါသည် (Bulmer 2018)။

၇။ လုပ်ငန်းများ ရှေ့နောက်စီစဉ်ခြင်း

လုပ်ငန်းများ ရှေ့နောက်စီစဉ်ခြင်းနှင့် ပတ်သက်သည့် မေးခွန်းများသည်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ organic laws ခေါ် ဖွဲ့စည်းတည်ဆောက်ပုံဥပဒေများ၊ စတက်ကျူ ခေါ် ပြဋ္ဌာန်းဥပဒေများ နှင့်/ သို့မဟုတ် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု (SSR) အကောင်အထည်ဖော်ရေးရန်အတွက် အုပ်ချုပ်ရေးပိုင်း အမိန့်ကြေညာချက်များ (decrees) စသည်ဖြင့် ရွေးချယ်ပြဋ္ဌာန်းခြင်းအပေါ် သက်ရောက်မှုရှိပါသည်။ လုံခြုံရေး ကဏ္ဍ ပြုပြင်ပြောင်းလဲမှု (SSR) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းဆိုင်ရာ ဖြစ်နိုင်ခြေများမှာ အကြမ်းအားဖြင့် အမျိုးအစားသုံးမျိုးရှိပါသည်။

၁။ **လုံခြုံရေးကဏ္ဍကို ဦးစွာပြုပြင်ပြောင်းလဲပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို နောက်မှ ပြုပြင်ပြောင်းလဲခြင်း** – စစ်ဖက်သည် နိုင်ငံရေးအာဏာကို ဆက်လက်ဆုပ်ကိုင်ထားခြင်း မပြုနိုင်တော့ဘဲ လက်လွတ် ဆုံးရှုံးသွားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အပြောင်းအလဲမတိုင်မီ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး အချို့အပိုင်းများအပါအဝင် စစ်ဖက်အုပ်ချုပ်မှုမှ ဒီမိုကရေစီသို့ အကူးအပြောင်းဦးစွာဖြစ်ပွားပါသည်။ ပြုပြင်ပြောင်းလဲမှုများကို သဘောတူညီပြီးနောက်မှ တရားဝင်အခိုင်အမာဖြစ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို နောက်မှလိုက်၍ ပြောင်းလဲခြင်းဖြစ်ပါသည်။ ဥပမာ အာဂျင်တီးနား၊ အင်ဒိုနီးရှားနှင့် အီရတ်တို့ ဖြစ်ပါသည်။

၂။ **ဖွဲ့စည်းပုံအခြေခံဥပဒေကို ဦးစွာ ပြုပြင်ပြောင်းလဲပြီး လုံခြုံရေးကဏ္ဍကို နောက်မှ ပြုပြင်ပြောင်းလဲခြင်း** – အဓိပ္ပာယ်ရှိသော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု တစ်စုံတစ်ရာ မပြုလုပ်မီ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဦးစွာပြုပြင်ပြောင်းလဲခြင်းဖြစ်ပြီး လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို နှစ် အတန်ကြာ တဖြည်းဖြည်း အဆင့်လိုက်လုပ်ဆောင်ပါသည်။ ဥပမာ ချီလီ၊ ဂါနာနှင့် စပိန်နိုင်ငံတို့ တွင် လုပ်ဆောင်ခဲ့ပါသည်။

၃။ **လုံခြုံရေးကဏ္ဍနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ပြိုင်နက်တည်း ပြုပြင်ပြောင်းလဲခြင်း** – လုံခြုံရေး ကဏ္ဍတွင် အရေးပါသော အပြောင်းအလဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်းနှင့် တစ်ပြိုင်တည်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲခြင်းအားဖြင့် လုပ်ဆောင်ပါသည်။ ဥပမာ ကင်ညာနှင့် တောင်အာဖရိကနိုင်ငံများတွင် လုပ်ဆောင်ခဲ့ပါသည်။

ဤသို့ လုပ်ငန်းများရှေ့နောက်စီစဉ်ပုံ ကွာခြားခြင်းသည် အဓိကအားဖြင့် လုံခြုံရေးကဏ္ဍအဖွဲ့အစည်း များ၏ ဩဇာသက်ရောက်နိုင်မှုအတိုင်းအတာကို ထင်ဟပ်ပါသည်။ အာဂျင်တီးနားနိုင်ငံတွင် Malvinas ဟု

ခေါ်သော ဖော်ကလန်ကျွန်းတိုက်ပွဲတွင် စစ်ရှုံးပြီးနောက် များမကြာမီ စစ်အစိုးရပြုတ်ကျပါသည်။ ၁၉၈၃ ခုနှစ်တွင် စစ်ဖက်အုပ်ချုပ်မှုမှ ဒီမိုကရေစီသို့ ပြောင်းလဲခဲ့ရာတွင် အုပ်ချုပ်ရေးပိုင်းမှ အမိန့်ဒီကရီများ ထုတ်ပြန်၍လုပ်ဆောင်ခဲ့ပြီး နောက်ပိုင်းမှ ဥပဒေများပြဋ္ဌာန်းပါသည်။ ထို့နောက် ၁၉၉၄ ခုနှစ်ရောက်မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းခြင်းဖြစ်ပါသည်။ အီရတ်တွင်မူ ၂၀၀၃ ခုနှစ် ကျူးကျော်သိမ်းပိုက်မှုပြီးနောက် စစ်ဖက်ကို ဖျက်သိမ်းခဲ့ပါသည်။

ချီလီနိုင်ငံတွင် စစ်ဖက်မှာ ဩဇာသက်ရောက်မှုကြီးမားပြီး ပြုပြင်ပြောင်းလဲရေး ဘက်တော်သားများအနေဖြင့် အာဏာလက်လွတ်ဆုံးရှုံးနိုင်သည့် မသေချာမှုရှိနေခဲ့ပါသည်။ ဤပကတိအခြေအနေတွင် စစ်ဖက်မှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များတွင် မိမိတို့အတွက် အကာအကွယ်ယူသည့် ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ပြဋ္ဌာန်းဥပဒေ စတက်ကျူများတွင် မိမိတို့အဖွဲ့အစည်းအတွက် ဘတ်ဂျက်၊ ပင်စင်၊ နိုင်ငံရေးတွင် ကိုယ်စားပြုပါဝင်နိုင်မှု၊ တရားစွဲဆိုတင်ပို့ခံရခြင်းမှ ကင်းလွတ်ခွင့်တို့ကိုလည်းကောင်း ထည့်သွင်းပြဋ္ဌာန်းပေးရန် အကူးအပြောင်းညှိနှိုင်းဆွေးနွေးစဉ် တောင်းဆိုရရှိခဲ့ပါသည်။ ယင်းတို့မှာ နောက်ဆုံးတွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအတွက် ဥပဒေအဟန့်အတားများဖြစ်ခဲ့ပြီး လုံခြုံရေးကဏ္ဍကို နှစ်ပေါင်းများစွာ အချိန်ယူ၍ တစ်ဆင့်ချင်းပြုပြင်ပြောင်းလဲခဲ့ရပါသည်။ ချီလီနိုင်ငံသည် အမျိုးသားလုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၀ ခုနှစ်တွင် ကာကွယ်ရေးဥပဒေသစ် ပြဋ္ဌာန်းသည့်အခါမှသာ ပြုလုပ်နိုင်ခဲ့ပြီး ရဲတပ်ဖွဲ့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့၍ အရပ်ဖက်ကွပ်ကဲမှုအောက်တွင် ထားရှိခြင်းကိုလည်း ၂၀၁၁ ခုနှစ်မှသာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

တောင်အာဖရိကနှင့် ကင်ညာနိုင်ငံတို့တွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းတို့ တစ်ပြိုင်နက်လိုလိုဖြစ်ပွားခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများအတွက် အသေးစိတ်ထည့်သွင်းပြဋ္ဌာန်းခဲ့ကြပါသည်။ ယင်းနိုင်ငံများတွင် လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများ၏ ဩဇာသက်ရောက်မှုမှာ အလယ်အလတ်အဆင့်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ ဆွေးနွေးရာတွင် အခြားကိစ္စရပ်များနှင့် တစ်ပါတည်းညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါသည်။ လုံခြုံရေးကဏ္ဍမှ ပုဂ္ဂိုလ်များသည် ပြည်တွင်းလုံခြုံရေးကဏ္ဍ စုဖွဲ့ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအပေါ် ဩဇာသက်ရောက်နိုင်ခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြင့်ဆုံးထားရှိသည့် ဒီမိုကရေစီစနစ်သစ်အတွက် နိုင်ငံရေးအစီအမံများ ချမှတ်ရာတွင် ပါဝင်ခြင်းမရှိပါ။ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု ဦးစွာပြုလုပ်သော နိုင်ငံများနှင့် လုံခြုံရေးကဏ္ဍနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲမှုများကို တစ်ပြိုင်နက်တည်း ပြုလုပ်ခဲ့သော နိုင်ငံများတွင်လည်း အကူးအပြောင်းကာလမှာကြာရှည်ပြီး ဆင့်ကဲဆောင်ရွက်ခြင်းဖြစ်ကြောင်း အသိအမှတ်ပြုရမည် ဖြစ်ပါသည်။ ယင်းနိုင်ငံအားလုံးတွင် အရပ်ဖက်အဖွဲ့အစည်းများနှင့် လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများအကြား ဆက်ဆံရေးများမှာ ဆက်လက်၍ ပြောင်းလဲပြီး အစိုးရဟောင်းသက်တမ်းပြီးဆုံး၍ နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင် ဆက်လက်ဆွေးနွေးညှိနှိုင်းရပါသည်။ လုပ်ငန်းများကို ရှေ့နောက်စီစဉ်ပုံမှာ မူသေမရှိဘဲ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ ဩဇာသက်ရောက်မှု အနည်းအများအပေါ် မူတည်ပါမည်။ သို့ရာတွင် ဒီမိုကရေစီအကူးအပြောင်း နိုင်ငံအချို့အတွက် ဩဇာသက်ရောက်မှုများပြားခဲ့သော တောင်အာဖရိကနိုင်ငံ ဥပမာမှ အရေးပါသောမူနှစ်ရပ်ကို ဖော်ထုတ်နိုင်ပါသည်။

၁။ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း၊ ဒီမိုကရေစီဖော်ဆောင်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်းတို့မှာ သဘောသဘာဝအားဖြင့် ချိတ်ဆက်နေပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်အတွက် ဆွေးနွေးပွဲစင်မြင့်သည်ပင် အရပ်ဖက်နှင့် လုံခြုံရေးကဏ္ဍအဖွဲ့အစည်းများအကြား ဆက်ဆံရေး၊ ဆက်နွယ်မှုအပြောင်းအလဲများကို ညှိနှိုင်းဆွေးနွေးမှု

များပြုလုပ်ရန် အရေးပါသောဆွေးနွေးပွဲစင်မြင့်တစ်ရပ် ဖြစ်နိုင်ပါသည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖြစ်နိုင်သည့်နေရာ၌ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးမူများနှင့် သတ်မှတ်ချက်များကို ချမှတ်ခြင်းဖြင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် အခွင့်အလမ်းများပေါ်ပေါက်လာရေး ခိုင်မာသောပထမခြေလှမ်း ဖြစ်နိုင်ပါသည်။ အသေးစိတ်ကို ဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်းရန် ချန်လှပ်ထားနိုင်ပါသည်၊ များသောအားဖြင့် ချန်လှပ် ထားသင့်ပါသည်။

၈။ လွှတ်ငြိမ်းချမ်းသာခွင့်များနှင့် အကူးအပြောင်းကာလတရားမျှတမှု

ပြစ်မှုကျူးလွန်ခြင်းအတွက် တာဝန်ယူတာဝန်ခံရေးသည် ပဋိပက္ခလွန်နှင့် အာဏာရှင်ခေတ်လွန် အခြေအနေနှစ်ရပ်လုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများလုပ်ဆောင်စဉ် အထူးတလည်ကွဲပြားမှုဖြစ်စေသော အဓိကကျသည့် ကိစ္စရပ်ဖြစ်ပါသည်။ ဒီမိုကရေစီဖော်ဆောင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းပြုလုပ်သည့်အခါ တရားစွဲဆိုရေးအာဏာ အပါအဝင် နိုင်ငံတော်အာဏာကို နိုင်ငံရေးအရ ဆန့်ကျင်ဘက်များ၏ လက်ဝယ်သို့ ပေးအပ်ရမည်ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ဆွေးနွေးညှိနှိုင်းရာတွင် လွှတ်ငြိမ်းချမ်းသာခွင့်ပြုရေးကို ထည့်သွင်းဆွေးနွေးလေ့ရှိပါသည်။ သိမ်းကြုံး၍ လွှတ်ငြိမ်းချမ်းသာခွင့်ကို နိုင်ငံတကာဥပဒေတွင် တားမြစ်ထားသည့်တိုင် ညှိနှိုင်းဆွေးနွေးကြသည်သာ ဖြစ်ပါသည်။

ဖြစ်ရပ်အများအပြားတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းမပြုလုပ်မီ အပစ်အခတ်ရပ်စဲရေးသို့မဟုတ် ငြိမ်းချမ်းရေးသဘောတူစာချုပ်အတွက် ညှိနှိုင်းဆွေးနွေးစဉ်ကပင် လွှတ်ငြိမ်းချမ်းသာခွင့်ပြုရေးကို ဆွေးနွေးလေ့ရှိပါသည်။ ထို့နောက်မှ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခြင်းအားဖြင့် (ဥပမာ ဂါနာ နိုင်ငံမှာကဲ့သို့) လွှတ်ငြိမ်းချမ်းသာခွင့်ကို ခိုင်မာစေခြင်း၊ (ဥပမာ ချီလီ နိုင်ငံမှာကဲ့သို့) လွှတ်ငြိမ်း ချမ်းသာခွင့်ကို ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အပြင် လွှတ်တော်တွင် ပါဝင်မည့်သူများနှင့် လွှတ်တော်၏ဆုံးဖြတ်ချက်ချမှတ်ရေး စည်းမျဉ်းများကိုသတ်မှတ်လျက် လွှတ်ငြိမ်းချမ်းသာခွင့်ကို လွယ်လင့်တကူပယ်ဖျက်၍ မရစေရန် စီစဉ်ခြင်း၊ (ဥပမာ တောင်အာဖရိက နိုင်ငံမှာကဲ့သို့) လွှတ်ငြိမ်းချမ်းသာခွင့်ကို ဥပဒေကြောင်းအရ စိန်ခေါ်ခြင်းမပြုနိုင်ရန် ကြိုတင်ကာကွယ်တားဆီးခြင်းများကို လုပ်ဆောင်ခြင်းဖြစ်ပါသည်။ လွှတ်ငြိမ်းချမ်းသာခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းလျက် အခိုင်အမာပြဋ္ဌာန်းသည့်အခါ ကျူးလွန်သူများကို တာဝန်ယူတာဝန်ခံစေခြင်းမပြုနိုင်စေရန် ထပ်မံ၍ အာမခံချက်ပေးသည့်အနေဖြင့် ယင်းပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန် လိုအပ်သည့် အနိမ့်ဆုံးသတ်မှတ်ချက်များကို အလွန်တရာမြှင့်၍ ထားတတ်ပါသည် (ဥပမာ ဖီဂျီ၊ ဂါနာ၊ ဂမ်ဘီယာနှင့် မြန်မာနိုင်ငံ)။

လွှတ်ငြိမ်းချမ်းသာခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းလျက် အခိုင်အမာပြဋ္ဌာန်းထားခြင်းမရှိပါက နောင်အခါယင်းတို့ကိုပယ်ဖျက်ရန် နိုင်ငံရေးအရ ထောက်ခံမှု၊ လူ့အဖွဲ့အစည်းအတွင်း ထောက်ခံမှုတို့ တိုးတက်မြင့်မားလာပြီး စစ်ဖက်၏သြဇာသက်ရောက်မှု လျော့နည်းကျဆင်းလာသည့်အခါ ပိုမိုလွယ်ကူစွာပယ်ဖျက်နိုင်မည် ဖြစ်ပါသည်။ အာဂျင်တီးနားနိုင်ငံ အတွေ့အကြုံကိုကြည့်လျှင် စစ်ဖက်၏ သြဇာသက်ရောက်မှု အတက်အကျပေါ်လိုက်၍ လွှတ်ငြိမ်းချမ်းသာခွင့်များကို လက်တွေ့ဖော်ဆောင်ပုံ ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းများကို တွေ့မြင်နိုင်ပါသည်။ စစ်အစိုးရသည် ၁၉၈၃ ခုနှစ်တွင် အာဏာလက်မလွှတ်မီ

အချိန်ကပ်လျက် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေကို အရပ်ဖက်အစိုးရက ပယ်ဖျက်ပြီး စစ်ဖက်ခေါင်းဆောင်ဟောင်းအချို့ကို တရားစွဲဆိုခြင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းများ လုပ်ဆောင်ခဲ့ရာ စစ်ဖက်အတွင်းမှ မကျေနပ်သည့်တုံ့ပြန်မှုများ ပေါ်ထွက်လာပြီး ပုန်ကန်ရန်လေးကြိမ် ကြိုးပမ်းခဲ့ပါသည်။ အာဏာသိမ်းမည်ကိုစိုးရိမ်ပြီး ဒီမိုကရေစီတည်ငြိမ်စေရန် ရည်သန်လျက် အစိုးရသည် ၁၉၈၆ နှင့် ၁၉၈၇ ခုနှစ်များတွင် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေများကို ပြဋ္ဌာန်းပေးခဲ့ပါသည်။ ယင်းဥပဒေများအရ ပြစ်မှုဖြင့် စွဲဆိုမှုအားလုံးရပ်ဆိုင်းခဲ့ပြီး ပြစ်မှုထင်ရှားစီရင်ခံရသူနှင့် စုံစမ်းစစ်ဆေးခြင်းခံရသူအချို့ကိုလည်း အပြစ်မှ ခွင့်လွှတ်ခဲ့ပါသည်။ သို့ရာတွင် နောက်ပိုင်းနှစ်များ၌ စစ်ဖက်၏ဩဇာသက်ရောက်မှု မှေးမှိန်လာပြီး လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ဩဇာကြီးမားလာသောအခါ နောက်ဆုံးတွင် တရားလွှတ်တော်ချုပ်က လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေများကို ပယ်ဖျက်ခဲ့ပါသည်။ အပြစ်မှ ခွင့်လွှတ်ခဲ့ခြင်းများသည်လည်း နိုင်ငံတကာဥပဒေအရ အာဂျင်တီးနားနိုင်ငံ၏ ကတိကဝတ်များနှင့် မကိုက်ညီခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟု ကြေညာခဲ့ပါသည်။

လွတ်ငြိမ်းချမ်းသာခွင့်များ ထုတ်ပြန်ခြင်းအပြင် အကူးအပြောင်းကာလတရားမျှတမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများအကြား ဆက်စပ်မှုများမှာ အများအပြားရှိပြီး အကူးအပြောင်းကာလတရားမျှတမှုဆိုသည်မှာ ပြစ်မှုကျူးလွန်ခြင်းအတွက် တာဝန်ယူတာဝန်ခံစေခြင်းဟု ရှုမြင်လေ့ရှိကြသည့် အတိုင်းအတာထက် ပိုမိုကျယ်ဝန်းစွာရှုမြင်ရန် လိုအပ်ပါသည် (Cats-Baril 2019)။ ဖွဲ့စည်းပုံအခြေခံဥပဒေညှိနှိုင်းဆွေးနွေးမှုများသည် အမှန်တရားကိုသိရှိခွင့်၊ လျော်ကြေးရရှိခွင့်၊ တရားမျှတမှုရရှိခွင့်နှင့် ထပ်မံမဖြစ်ပွားရေးအာမခံချက်များ အပါအဝင် အကူးအပြောင်းကာလ တရားမျှတမှုအပိုင်းကဏ္ဍအသီးသီးကို အထောက်အကူပြုနိုင်သကဲ့သို့ အဟန့်အတားလည်း ဖြစ်နိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်စာသားအတွင်း ပါဝင်နေသည့် သမိုင်းဖြစ်စဉ် ရှုမြင်ဖော်ပြပုံများသည်လည်း ပဋိပက္ခအတွင်း စစ်ဖက်နှင့် အခြားလက်နက်ကိုင်အုပ်စုများ၏ အခန်းကဏ္ဍများကို ထင်ဟပ်ပြီး လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး (SSR) နှင့် သက်ဆိုင်ပါသည်။ တစ်ဖန်ပြန်လည် မဖြစ်ပွားစေရေးအာမခံချက်များ အားကောင်းစေရေး အစီအမံများအဖြစ်ရှုမြင်နိုင်သော အုပ်ချုပ်ရေးအာဏာကို အကန့်အသတ်ပြုသည့် အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်) အပိုင်း ပြုပြင်ပြောင်းလဲခြင်းများနှင့် လုံခြုံရေးကဏ္ဍကို အရပ်ဖက်မှကွပ်ကဲခြင်း (အပိုင်း ၄ တွင် ထပ်မံ၍ ဆွေးနွေးတင်ပြထား ပါသည်) တို့သည်လည်း လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး (SSR) နှင့် သက်ဆိုင်ပါသည်။

၄။ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများ

ပြစ်မှုကျူးလွန်သည့်အတွက် တာဝန်ယူတာဝန်ခံစေရေးကိစ္စကဲ့သို့ပင် ဒီမိုကရေစီ မဟုတ်သော စနစ်များတွင် အရေးပါသောကိစ္စရပ်မှာ လုံခြုံရေးကဏ္ဍမှ ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် စီးပွားရေးဆိုင်ရာအကျိုးစီးပွားများ အသီးသီးရှိနေကြပြီး စီးပွားရေးလုပ်ငန်းအများအပြားတွင် ပါဝင်လုပ်ကိုင်လျက်ရှိတတ်ပါသည်။ စီးပွားရေးဆိုင်ရာအကျိုးစီးပွားရှိမှု အတိုင်းအတာမှာ အနည်းအများ ကွာခြားမည်ဖြစ်သော်လည်း နိုင်ငံရေးတွင် စစ်ဖက်မှပါဝင်သည့် အခြေအနေအားလုံးတွင် စီးပွားရေးတွင်လည်း ပါဝင်နေသည်ကို တွေ့ရပါသည်။ အီဂျစ်နိုင်ငံကဲ့သို့သော စစ်ဖက်မှ လက်တွေ့အားဖြင့် ထိန်းချုပ်ထားသည့် စနစ်များတွင် စစ်ဖက်၏ စီးပွားရေးအခန်းကဏ္ဍမှာ နိုင်ငံတော်စီးပွားရေး၏ ကဏ္ဍတစ်ခုလုံးလွှမ်းခြုံနေသည်အထိ ရှိသည့်အပြင် မြေပိုင်ဆိုင်မှုများလည်း အလွန်များပြားစွာ ပါဝင်နိုင်ပါသည်။

ဒီမိုကရေစီအကူးအပြောင်းတွင် ရင်ဆိုင်တွေ့ကြုံရသည့် အခြေခံကိစ္စရပ်မှာ လုံခြုံရေးအဖွဲ့အစည်းများက အကူးအပြောင်းကိုလက်ခံရန် စီးပွားရေးခံစားခွင့်များ ဆက်လက်ခံစားခွင့်ပြုမည်လော သို့မဟုတ် အကူးအပြောင်းပြုလုပ်ရေးကို ထိခိုက်နိုင်သည့်တိုင် လုံခြုံရေးအရာရှိများရရှိနေသည့် အဆောင်အယောင်များနှင့် စီးပွားရေးခံစားခွင့်များကို ဖြတ်တောက်မည်လောဆိုသည့် ကိစ္စဖြစ်ပါသည်။ စစ်ဖက်ဘတ်ဂျက်များမှာအလွန်နည်းပါးပြီး ပုံမှန်လုပ်ငန်းလည်ပတ်ဆောင်ရွက်ရန် ကုန်ကျစရိတ်များကိုပင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် မလုံလောက်သည့်အတွက် စီးပွားရေးလုပ်ငန်းများမှရရှိသောငွေဖြင့် ဖြည့်စွက်သုံးစွဲရသည့် အခြေအနေများတွင် ဤကိစ္စသည် ရှုပ်ထွေးမှုရှိနိုင်ပါသည်။ ဥပမာ အင်ဒိုနီးရှားသမ္မတ ယူဒိုယိုနိုသည် နိုင်ငံတော်၏ စီးပွားရေးတွင် တပ်မတော်က ပါဝင်လုပ်ကိုင်နေမှုကို လုံးဝဖယ်ရှားရန် သို့မဟုတ် သိသိသာသာလျှော့ချရန် ရည်မှန်းချက်ကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ လက်လျှော့ခဲ့ရပါသည်။ တပ်မတော်၏ ဘဏ္ဍာရေးအခြေအနေမှာ စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေကို လုံးဝဖယ်ရှားလိုက်လျှင် ငွေကြေးအခြေအနေယိုယွင်းသွားပြီး ထိပ်တန်းအရာရှိကြီးများ သာမက တပ်မတော်သားအားလုံး မကျေမနပ်ဖြစ်ဖွယ်ရာရှိပါသည်။

အလားတူ ချီလီနိုင်ငံတွင် အရပ်ဖက်ခေါင်းဆောင်များသည် လုံခြုံရေးအဖွဲ့အစည်းကို ဘတ်ဂျက်များ၊ ခံစားခွင့်များနှင့် ကွပ်ကဲမှုစုဖွဲ့ပုံတို့အပေါ် ဆက်လက်ထိန်းချုပ်ခွင့်ပြုခြင်းဖြင့် နိုင်ငံရေးမှ ဆုတ်ခွာပေးရန် ညှိနှိုင်းနိုင်ခဲ့ပါသည်။ အထူးသဖြင့် သမ္မတ Aylwin (အိုင်လွင်) ရွေးကောက်တင်မြှောက်ခံရပြီးနောက် ပြဋ္ဌာန်းခဲ့သော Organic Constitutional Law on the Armed Forces (1990) (၁၉၉၀ ခုနှစ် တပ်မတော်ဖွဲ့စည်းတည်ဆောက်ပုံဥပဒေ) ဖြင့် တပ်မတော်ဘတ်ဂျက်၏ ငွေကြေးဖောင်းပွမှုကိုကာမိစေရန် တွက်ချက်သတ်မှတ်ပေးခြင်း၊ တပ်မတော်ဘတ်ဂျက်ပမာဏကို လွှတ်တော်တွင် မဆွေးနွေးဘဲချထားပေးခြင်း၊ စစ်ဖက်

ကို အတိုင်းအတာတစ်ခုအထိ ကိုယ်တိုင်အုပ်ချုပ်စီမံခွင့်ပေးခြင်းများ လုပ်ဆောင်ခဲ့ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်းသည် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်သူများနှင့် တာဝန်များကို ပြန်လည်စီစဉ်သတ်မှတ်ခြင်းအားဖြင့် အကူးအပြောင်းကာလ နိုင်ငံရေး ဘောဂဗေဒအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိကြောင်း နားလည်ရန်လည်း အထူးအရေးကြီးပါသည်။ ပဋိပက္ခ လွန် အကူးအပြောင်း အများအပြားတွင် အရေးပါသောစိန်ခေါ်မှုအခက်အခဲမှာ စစ်မက်ကာလ စီးပွားရေး အတွင်း ရှိခဲ့သည့်ဝင်ငွေများကို ငြိမ်းချမ်းသောကာလ စီးပွားရေးအတွင်း မည်ကဲ့သို့အစားထိုးပေးနိုင်မည် ဖြစ်ကြောင်း နည်းလမ်းရှာဖွေရန် ဖြစ်ပါသည်။ အကူးအပြောင်း ပြုလုပ်ပြီးကာလ အဓိကဝင်ငွေအရင်းအမြစ် မှာ မကြာခဏ အစိုးရဝန်ထမ်းများ၏ လစာနှင့် နိုင်ငံတော်ရာထူးများကို အကြောင်းပြုသောလုပ်ပိုင်ခွင့်များ မှ ငွေကြေးရရှိနိုင်သည့် အခွင့်အလမ်းများဖြစ်ပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး နှင့် အစိုးရရာထူးများတွင် ခန့်အပ်ခြင်းတို့သည် တိုက်ခိုက်နေသူများ လက်နက်စွန့်၍ အရပ်သားများအဖြစ် သို့ ကူးပြောင်းရေးဆွဲဆောင်မှုဖြစ်နိုင်သကဲ့သို့ အဟန့်အတားလည်း ဖြစ်နိုင်ပါသည်။

ဥပမာ အီဂျစ်နိုင်ငံတွင် ၂၀၁၁–၂၀၁၂ ခုနှစ် တော်လှန်ရေးဖြစ်ပွားပြီးနောက် နိုင်ငံရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးမှူးများနှင့် ဒေသန္တရအစိုးရအရာရှိများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများကို ယခင်ကကဲ့သို့ နိုင်ငံတော်အစိုးရ ဗဟိုအဆင့်မှ ခန့်အပ်မည့်အစား ရွေးကောက်တင်မြှောက်ရန် ပါဝင်ပါသည်။ ယခင်အစိုးရများ လက်အောက်တွင် ဒေသန္တရအစိုးရကိုအကြောင်းပြု၍ အရေးပါသော အရပ်ဖက်နှင့် စစ်ဖက် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ စစ်ဖက်မှ အငြိမ်းစားယူသူအများအပြားမှာ ဒေသန္တရ သို့မဟုတ် ပြည်နယ်အဆင့်တွင် ကောင်းမွန်သောရာထူးနေရာများရရှိကြပြီး ပုံမှန်လစာနှင့် ငွေကြေးရပေါက် ရလမ်း အခွင့်အရေးများ ရှိကြပါသည်။ ၎င်းတို့အားလုံးမှာ “ ‘ဝန်းရံ’ အစိုးရနှင့် လုံခြုံရေးအဖွဲ့အစည်းသဖွယ် ဖြစ်နေပြီး သမ္မတကခန့်အပ်သော ပြည်နယ်အုပ်ချုပ်ရေးမှူးများမှတဆင့် သမ္မတက ထိန်းချုပ်နိုင်ပါသည်” (Sayigh 2012: 6)။ ဒေသန္တရနှင့် ပြည်နယ်အစိုးရများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်ကို ပြုပြင် ပြောင်းလဲရန် ဆွေးနွေးရာ၌ ယင်းနိုင်ငံရေး ဘောဂဗေဒအပိုင်းကဏ္ဍများကို နားလည်သဘောပေါက်ခြင်း မရှိ ခဲ့သဖြင့် ပြုပြင်ပြောင်းလဲမှုများကို စစ်ဖက်မှ တားဆီးပိတ်ဆို့မှု အတိုင်းအတာနှင့် အကြောင်းရင်းများကို ကြိုတင်မျှော်တွေးမှု မပြုနိုင်ခဲ့ပါ။

နောက်ဥပမာတစ်ခုမှာ တောင်ဆူဒန်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် တောင်ဆူဒန် သမ္မတနိုင်ငံ ပဋိပက္ခ ဖြေရှင်းရန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး သဘောတူညီချက် (Revitalised Agreement on the Resolution of the Conflict in the Republic of South Sudan) (R–ARCSS) ရရှိခဲ့ပြီးနောက် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်လျက် နိုင်ငံရေးအဖွဲ့အစည်းများကို တိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုအခါ တောင်ဆူဒန် လွှတ်တော်မှာ “ဒေသတွင်း လွှတ်တော်ကိုယ်စားလှယ်အရေအတွက်အများဆုံး ဖြစ်ပါသည်။ အာဖရိကတိုက် တွင် လူဦးရေအချိုးကျ ဝန်ကြီးအရေအတွက်သည်လည်း အများပြားဆုံး ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် လူဦးရေ နှင့် လွှတ်တော်ကိုယ်စားလှယ်အချိုးအစားလည်း အများပြားဆုံး ဖြစ်ပါသည်။” (de Waal and Boswell 2019: 6)။ သဘောတူညီချက်အရ ဝန်ထမ်းအဖွဲ့အစည်းကိုလည်း တိုးချဲ့ရန်ရှိရာ အစိုးရသည် မိမိသစ္စာခံများ ကို ဆုချီးမြှင့်သည့်အနေဖြင့် ရာထူးနေရာများတိုးချဲ့လျက် ခန့်အပ်ခဲ့ပါသည်။

အစိုးရအဖွဲ့အစည်းကြီးမားလာခြင်းကို ‘institution–building’ (အဖွဲ့အစည်းစနစ် တည်ဆောက် ခြင်း) သို့မဟုတ် ‘decentralization’ (ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း) ဟု ခေါင်းစဉ်တပ်ပါသည်။ သို့သော် အရင်းခံအကြောင်းမှာ လက်နက်ကိုင်အုပ်စုများက ငြိမ်းချမ်းရေးသဘောတူညီချက်ကို လက်ခံစေရန် ငွေကြေးဆွဲဆောင်မှုပေးခြင်း ဖြစ်ပါသည်။

အချုပ်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်ကို ပြင်ဆင်ရန် အဆိုပြုချက်များသည် စစ်ဖက်အနေဖြင့် ပြစ်မှုများအတွက် တရားစွဲဆိုတင်ပို့ခံရနိုင်သည့် အလားအလာ၊ စီးပွားရေးအကျိုးစီးပွားများ၊ အစိုးရနှင့် စစ်ဖက်အကြား အလွတ်သဘောဆက်ဆံရေးများ၏ နိုင်ငံရေးဘောဂဗေဒအပါအဝင် စစ်ဖက်၏ ကိုယ်ကျိုးစီးပွားအပေါ် မည်သို့ သက်ရောက်မှုရှိနိုင်ကြောင်း နားလည်သဘောပေါက်ရန် အရေးကြီးပါသည်။

၁၀။ နိဂုံး

လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး (SSR) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးတို့ကို သာမန်အားဖြင့် သီးခြားကိစ္စရပ်များအဖြစ် ရှုမြင်လေ့ရှိပါသည်။ သို့သော် လက်တွေ့တွင် ယင်းတို့မှာ အပြန်အလှန်ချိတ်ဆက်မှု အထူးနက်ရှိုင်း များပြားပါသည်။ ထိုမျှမက ဖွဲ့စည်းပုံအခြေခံဥပဒေကို အထွဋ်အထိပ်ပြုသည့် ဒီမိုကရေစီစနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရန်မှာ လုံခြုံရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်ခြင်းအပေါ် မူတည်ပါသည်။ ဤမူဝါဒစာတမ်းတွင် SSR နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအကြားဆက်စပ်ပုံကို စုံလင်စွာဖော်ပြထားပါသည်။ သက်ဆိုင်ရာကိစ္စရပ် အသီးသီးကို မည်သို့ ချဉ်းကပ်သင့်ကြောင်း နားလည်သဘောပေါက်ရန်အတွက် ပကတိအခြေအနေ၏ အရေးပါပုံကို အထင်အရှားဖော်ပြလျက် အဓိက မေးခွန်း ၆ ရပ်အတွက် လက်တွေ့ဆောင်ရွက်ပုံများကို နှိုင်းယှဉ်လေ့လာဆွေးနွေးတင်ပြထားပါသည်။ ယင်းတို့မှာ အရပ်ဖက်မှုကွပ်ကဲခြင်းနှင့် ကြီးကြပ်ခြင်း၊ လုပ်ငန်းများ ခွဲခြားထားခြင်းနှင့် အမျိုးသားလုံခြုံရေးကောင်စီများ၊ ဥပဒေစာချုပ်စာတမ်းများ၊ ရှေ့နောက်လုပ်ငန်းအစီအစဉ်၊ လွတ်ငြိမ်းချမ်းသာခွင့်များနှင့် အကူးအပြောင်းတရားစီရင်ရေး၊ စီးပွားရေး အကျိုးစီးပွားများဟူ၍ ဖြစ်ပါသည်။ ယင်းကိစ္စရပ်များကို ဖြေရှင်းပုံ ပုံသေနည်းစာအုပ်မရှိသော်လည်း အခြားနိုင်ငံများတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပုံများကို လေ့လာခြင်းဖြင့် များစွာပညာယူနိုင်ဖွယ်ရာ ရှိပါသည်။

ကိုးကားချက်များ

Barany, Z., Bisarya, S., Choudhry, S. and Stacey, R. (eds), *Security Sector Reform in Constitutional Transitions* (Oxford: Oxford University Press, 2019)

Bulmer, E., *Emergency Powers*, International IDEA Constitution-Building Primer No. 18 (Stockholm: International IDEA, 2018), <https://doi.org/10.31752/idea.2018.29>

Cats-Baril, A., *Moving Beyond Transitions to Transformation: Interactions between Transitional Justice and Constitution-Building*, International IDEA Policy Paper No. 22 (Stockholm: International IDEA, 2019), <https://doi.org/10.31752/idea.2019.39>

De Waal, A. and Boswell, A., *South Sudan: The Perils of Payroll Peace*, Conflict Research Programme, Payroll Peace Memo, 4 March 2019 (London: London School of Economics and Political Science), <https://www.lse.ac.uk/international-development/Assets/Documents/ccs-research-unit/Conflict-Research-Programme/crp-memos/Revisiting-payroll-peace-revised.pdf> , accessed 20 August 2020

Dixon, R. and Ginsburg, T., 'Deciding not to decide: deferral in constitutional design', *International Journal of Constitutional Law*, 9/3–4 (2011), pp. 636–72, <https://doi.org/ 10.1093/icon/mor041>

Eisenstadt, T., LeVan, A. and Maboudi, T., 'When talk trumps text: the democratizing effects of deliberation during constitution-making, 1974–2011', *American Political Science Review*, 109/3 (2015), pp. 592–612, <https://doi.org/10.1017/ S0003055415000222>

Hamilton, A. and Madison, J., 'The Structure of the Government Must Furnish the Proper Checks and Balances Between the Different Departments', *Federalist*, No. 51, 8 February 1788, <https://guides.loc.gov/federalist-papers/text-51-60>, accessed 20 August 2020

Kenya, Republic of, Constitution of Kenya (2010), <http://constitutionnet.org/sites/default/files/final_constitution_of_kenya_2010.pdf>, accessed 20 August 2020

Lerner, H., *Making Constitutions in Deeply Divided Societies* (Cambridge: Cambridge University Press, 2011), <https://doi.org/10.1017/CBO9780511793394>

Leuprecht, C., K�lling, M. and Hataley, T. (eds), *Public Security in Federal Polities* (Toronto: University of Toronto Press, 2019), <https://doi.org/10.3138/9781487515805>

Salisbury, P., 'Corruption in Yemen: maintaining the status quo?', in N. Brehony and S. Al-Sarhan (eds), *Rebuilding Yemen: Political, Economic and Social Challenges* (Berlin: Gerlach Press, 2015), <https://doi.org/10.2307/j.ctt1df4hh0.6>

Sayigh, Y., *Above the State: The Officers' Republic in Egypt*, The Carnegie Papers (Washington, D.C.: Carnegie Endowment for International Peace, 2012), <https:// carnegieendowment.org/files/officers_republic1.pdf>, accessed 9 July 2020

South Africa, Republic of, Constitution of the Republic of South Africa (1996), <http:// www.constitutionnet.org/vl/item/constitution-republic-south-africa-1996-english>, accessed 20 August 2020

Trinkunas, H. A., *Crafting Civilian Control of the Military in Venezuela: A Comparative Perspective* (Chapel Hill, NC: University of North Carolina Press, 2005), <https:// doi.org/10.5149/9780807877036_trinkunas>

စာရေးသူများ

Sumit Bisarya (ဆူမစ်ဘီဆာယာ) သည် International IDEA အဖွဲ့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်များ လေ့လာရေးအစီအစဉ်၏ အစီအစဉ်မှူးဖြစ်ပါသည်။ ဤရာထူးတာဝန်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ စီစဉ်ရေးဆွဲပုံစံထုတ်ခြင်း နယ်ပယ်တွင် ကမ္ဘာတစ်ဝန်း အသိပညာလေ့လာပြုစုထုတ်လုပ်ခြင်းနှင့် ကမ္ဘာတစ်ဝန်း အခြေအနေအသီးသီးတွင် နိုင်ငံအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်များအတွက် နည်းပညာအကူအညီပေးအပ်ခြင်းတို့ကို ကြီးကြပ်ရပါသည်။ ဤတာဝန်ကို မထမ်းဆောင်မီ International Development Law Organization (နိုင်ငံတကာဖွံ့ဖြိုးရေး ဥပဒေအဖွဲ့) အတွက် ကွင်းဆင်းလုပ်ငန်းများကို စီမံခန့်ခွဲခဲ့ပါသည်။ Brown University (ဘရောင်းတက္ကသိုလ်) မှ Neuroscience (အာရုံကြောသိပ္ပံ) ဘာသာဖြင့် BSc (သိပ္ပံဘွဲ့) ရရှိထားပါသည်။ Columbia Law School (ကိုလံဘီယာဥပဒေကျောင်း) မှ Juris Doctor (ဥပဒေပါရဂူ) ဘွဲ့ရရှိပါသည်။

Sujit Choudhry (ဆူဂျစ်ချောင်ဒရီ) သည် ဖွဲ့စည်းပုံအခြေခံဥပဒေများကို နှိုင်းယှဉ်လေ့လာခြင်းနယ်ပယ်တွင် နိုင်ငံတကာအသိအမှတ်ပြုမှု ခံယူရရှိသော ကျွမ်းကျင်သူဖြစ်ပါသည်။ အီဂျစ်၊ ဂျော်ဒန်၊ လစ်ဗျား၊ မြန်မာ၊ နီပေါ၊ တောင်အာဖရိက၊ သီရိလင်္ကာ၊ တူနီးရှား၊ ယူကရိန်း၊ ယီမင်နှင့် ဇင်ဘာဘွေ အပါအဝင် နိုင်ငံအများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း၊ ဒီမိုကရေစီမြှင့်တင်ခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် နှစ်ပေါင်း ၂၀ ကျော် အကြံပေးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ Center for Constitutional Transitions (ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများဗဟိုဌာန)ကို တည်ထောင်ခဲ့သူဖြစ်ပြီး ယခု ဒါရိုက်တာအဖြစ် ဆောင်ရွက်လျက် ရှိပါသည်။ ဆောင်းပါးများ၊ စာအုပ်စာတမ်းများတွင် ပါဝင်သည့် အခန်းများ၊ မူဝါဒလက်စွဲစာအုပ်များ၊ အစီရင်ခံစာများ နှင့် လုပ်ငန်းစာတမ်းများ ပုဒ်ရေ ၁၀၀ ကျော် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ တည်းဖြတ်သူ အယ်ဒီတာအဖြစ်ဆောင်ရွက်ခဲ့သော ကျမ်းများတွင် *Security Sector Reform in Constitutional Transitions* (Oxford University Press, 2019) (*ဖွဲ့စည်းပုံအခြေခံဥပဒေအကူးအပြောင်းများအတွင်း လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု*၊ အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်၊ ၂၀၁၉ ခုနှစ်)၊ Territory and Power in Constitutional Transitions (Oxford University Press, 2019) (*ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများအတွင်း ပိုင်နက်နယ်မြေနှင့် လုပ်ပိုင်ခွင့်အာဏာ*၊ အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်၊ ၂၀၁၉ ခုနှစ်)၊ *The Oxford Handbook of the Indian Constitution* (Oxford University Press, 2016) (*အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အောက်စဖို့လက်စွဲစာအုပ်*၊ အောက်စဖို့ တက္ကသိုလ်ပုံနှိပ်တိုက်၊ ၂၀၁၆

ခုနှစ်)၊ *Constitution Making* (Edward Elgar, 2016) (*ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း*၊ အက်ဒွပ်အယ်ဂါ၊ ၂၀၁၆ ခုနှစ်)၊ *Constitutional Design for Divided Societies* (Oxford University Press, 2008) (*ကွဲပြားနေသော လူ့အဖွဲ့အစည်းများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းပုံစံ*၊ အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်၊ ၂၀၀၈ ခုနှစ်) နှင့် *The Migration of Constitutional Ideas* (Cambridge University Press, 2005) (*ဖွဲ့စည်းပုံအခြေခံဥပဒေ အယူအဆအတွေးအခေါ်များ ပြန့်နှံ့လာပုံ*၊ ကိမ်းဘရစ် တက္ကသိုလ်ပုံနှိပ်တိုက်၊ ၂၀၀၅ ခုနှစ်) တို့ ပါဝင်ပါသည်။ တိုရွန်တိုတက္ကသိုလ်၊ နယူးယောက်တက္ကသိုလ်၊ ကာလီဖိုးနီးယားတက္ကသိုလ်ဘာကလီတို့တွင် အချိန်ပြည့် တက္ကသိုလ်ဆရာအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ကာလီဖိုးနီးယားတက္ကသိုလ်ဘာကလီတွင် Dean of Berkeley Law (ဥပဒေဌာန ဌာနမှူး) အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ WZB Berlin Social Science Centre (ဘာလင် လူမှုသိပ္ပံဗဟိုဌာန) တွင် *Gastwissenschaftler (ဧည့်ပညာရှင်)* အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

ကျစာအုပ်ကိုထုတ်ဝေသည့်အဖွဲ့အစည်းများ

International IDEA

International Institute for Democracy and Electoral Assistance (International IDEA) (ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့) သည် အစိုးရများ အဖွဲ့ဝင်အဖြစ် ပါဝင်သော အဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာ့လူသားအားလုံး မျှော်မှန်းကြသည့် ဒီမိုကရေစီ၊ ရေရှည်တည်တံ့ ဟန်ချက်ညီသော ဖွံ့ဖြိုးမှုကိုဆောင်ကြဉ်းပေးနိုင်သည့် ဒီမိုကရေစီ ကမ္ဘာတစ်ဝန်း တိုးတက်ထွန်းကားရေးကို လုပ်ငန်းတာဝန်အဖြစ်ခံယူလျက် ဆောင်ရွက်ပါသည်။ အဆင့်အားလုံး၌ ဒီမိုကရေစီနည်းကျ နိုင်ငံရေး အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်)များနှင့် လုပ်ငန်းစဉ်များတည်ဆောက်ရေး၊ အားဖြည့်ရေးနှင့် ကာကွယ်စောင့် ရှောက်ရေးကို ပံ့ပိုးခြင်းအားဖြင့် ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီလုပ်ငန်းစဉ် များ၊ လုပ်ငန်းဆောင်ရွက်သူများ၊ အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်)များသည် အများပါဝင်မှုနှင့် တာဝန် ယူမှု တာဝန်ခံမှုရှိပြီး အားလုံးအတွက် ရေရှည်တည်တံ့ဟန်ချက်ညီသော ဖွံ့ဖြိုးမှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာကြီး ဖြစ်လာရေးဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် အဓိကအားဖြင့် နယ်ပယ်သုံးရပ်တွင် သက် ရောက်မှုရှိစေရန် အများဆုံးလုပ်ဆောင်ပါသည်။ ယင်းတို့မှာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေတည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုတို့ ဖြစ်ပါသည်။ ဂျန်ဒါ ခေါ် အမျိုးသား–အမျိုးသမီး အခန်းကဏ္ဍနှင့် အများပါဝင်မှု၊ ပဋိပက္ခကို စာနာနားလည်ခြင်းနှင့် ရေရှည် တည်တံ့ဟန်ချက်ညီသော ဖွံ့ဖြိုးရေးဟူသော အကြောင်းအရာများကို လုပ်ငန်းနယ်ပယ်အားလုံးတွင် အဓိက လုပ်ငန်းများအဖြစ် တစ်ပေါင်းတည်း ထည့်သွင်းလုပ်ဆောင်ပါသည်။ International IDEA သည် ကမ္ဘာ တစ်ဝန်းနှင့် ဒေသတစ်ဝန်း ဒီမိုကရေစီ အလားအလာများကို ဆန်းစစ်လေ့လာ ဖြန့်ဝေပေးခြင်း၊ နိုင်ငံတကာ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းကောင်း၊ အလေ့အကျင့်ကောင်းများကို နှိုင်းယှဉ်လေ့လာလျက် အသိပညာပြုစု ထုတ်လုပ်ခြင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိသူများအား ဒီမိုကရေစီ ပြုပြင် ပြောင်းလဲမှုဆိုင်ရာ နည်းပညာအကူအညီနှင့် စွမ်းဆောင်ရည်တည်ဆောက်မှုပေးခြင်း၊ ဒီမိုကရေစီနှင့် ဒီမိုက ရေစီတည်ဆောက်ခြင်းဆိုင်ရာ အများပြည်သူ အခြေအတင်ဆွေးနွေးလျက်ရှိသည့် ကိစ္စရပ်များအကြောင်း ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းတို့ကို လုပ်ဆောင်ပါသည်။ Stockholm (စတော့ဟုမ်း) မြို့တွင် ရုံးချုပ် တည်ရှိပြီး အာဖရိက၊ အာရှ–ပစိဖိတ်၊ ဥရောပ၊ လက်တင်အမေရိကနှင့် ကယ်ရစ်ဘီယံတို့တွင် ဒေသအဆင့်ရုံး နှင့် နိုင်ငံအလိုက်ရုံးများ ရှိပါသည်။ International IDEA သည် ကုလသမဂ္ဂတွင် အမြဲတမ်းလေ့လာသူအဖြစ်

ပါဝင်ပြီး ဥရောပသမဂ္ဂအဆင့် အဖွဲ့အစည်းများတွင်လည်း တရားဝင်အသိအမှတ်ပြုလွှာဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

<http://idea.int>

ဖွဲ့စည်းပုံအခြေခံဥပဒေအကူးအပြောင်းများ ဗဟိုဌာန

ဖွဲ့စည်းပုံအခြေခံဥပဒေအကူးအပြောင်းများဗဟိုဌာန (Center for Constitutional Transitions) (CT) သည် နိုင်ငံအများမှပါဝင်သော အဖွဲ့အစည်းများ၊ တွေးခေါ်မြော်မြင်ရေးအဖွဲ့ (think tank) များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများပါဝင်သည့် ကမ္ဘာတစ်ဝန်းကွန်ရက်နှင့် မိတ်ဖက်ဆောင်ရွက်လျက် ဆုံးဖြတ်ချက်ချမှတ်သူများအတွက် အထောက်အထားအခြေပြု မူဝါဒရွေးချယ်ရန်နည်းလမ်းများနှင့် လုပ်ငန်းစဉ်ရေးဆွဲရာတွင် အသုံးပြုနိုင်မည့် သုတေသနလေ့လာချက်များကို ပြုစုထုတ်ဝေရန် ကျွမ်းကျင်သူများပါဝင်သည့် နိုင်ငံတကာကွန်ရက်များကို စုစည်းတည်ထောင်ခြင်း၊ ဦးစီးဦးဆောင်ပြုခြင်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးကိုပံ့ပိုးသည့် အသိပညာများ လေ့လာပြုစုခြင်း၊ နှီးဆော်ခြင်းများ လုပ်ဆောင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအကူးအပြောင်းများဗဟိုဌာန (CT) သည် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ကျွမ်းကျင်သူ ၅၀ ကျော်နှင့်အတူ ပူးပေါင်းလျက်လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ဆောင်ရွက်ခဲ့သော စီမံချက်များတွင် ဒီမိုကရေစီနိုင်ငံသစ်များတွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အကူး အပြောင်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အကူးအပြောင်းများတွင် ပိုင်နက်နယ်မြေနှင့် လုပ်ပိုင်ခွင့်အာဏာ၊ လုံခြုံရေးကဏ္ဍ ကြီးကြပ်ကွပ်ကဲမှု – ဒီမိုကရေစီ ခိုင်မာအားကောင်းစေလျက် အာဏာရှင်စနစ်သို့ နောက်ပြန်လျှောကျခြင်းနှင့် အုပ်စုစွဲ ပါတီစွဲဖြင့် မလျော်မကန်ပြုမူခြင်းတို့ မဖြစ်ပွားစေရန် ကာကွယ်ခြင်း နှင့် ယူကရိန်းနိုင်ငံ၏ တစ်စိတ်တစ်ဒေသ သမ္မတစနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ မတည်ငြိမ်မှုတို့ ပါဝင်ပါသည်။

<http://www.constitutionaltransitions.org>

ယခု စာတမ်းအား ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ခြင်းကို နော်ဝေးနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် လူဇင်ဘာ့ခ်နိုင်ငံ အစိုးရတို့မှ ထောက်ပံ့ကူညီသည်။

လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့သည် သဘောသဘာဝအားဖြင့် အပြန်အလှန် ချိတ်ဆက်မှုရှိပါသည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးလုပ်ငန်းစဉ်အတွက် ဆွေးနွေးပွဲစင်မြင့်သည်ပင် အရပ်ဖက်နှင့် လုံခြုံရေးကဏ္ဍ အဖွဲ့အစည်းများအကြားဆက်စပ်ပုံ အပြောင်းအလဲများ ပြုလုပ်ရေး ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန် အရေးပါသော ဆွေးနွေးပွဲစင်မြင့်တစ်ရပ် ဖြစ်နိုင်ပါသည်။

ယင်းနက်နဲရှုပ်ထွေးသော အကူးအပြောင်းများကို ဖြတ်သန်းကျော်လွှားရာတွင် အထောက်အပံ့အဖြစ် အကြံပေးများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများကို ပံ့ပိုးမှုပေးရန်ရည်ရွယ်ချက်ဖြင့် ဤမူဝါဒစာတမ်းကို ပြုစုထားပါသည်။ စာတမ်းတွင် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး (SSR) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်များအကြား ဆက်စပ်ပုံကို အဓိကဆွေးနွေးတင်ပြထားပါသည်။ သာမန်အားဖြင့် SSR နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေးတို့ကို သီးခြားကိစ္စရပ်များအဖြစ် ရှုမြင်ကြသော်လည်း လက်တွေ့တွင် အပြန်အလှန်ချိတ်ဆက်မှုမှာ အထူးနက်ရှိုင်းများပြားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အထွဋ်အထိပ်ပြုသည့် ဒီမိုကရေစီစနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရန်မှာ လုံခြုံရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းအပေါ် မူတည်ပါသည်။ စစ်ဖက်အုပ်ချုပ်မှု၊ ပြည်တွင်းစစ်၊ အာဏာရှင်အစိုးရအုပ်ချုပ်မှုတို့မှ ဒီမိုကရေစီစနစ်သို့ အကူးအပြောင်းပြုလုပ်သော နိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေး (SSR) လုပ်ငန်းစဉ်များ ပေါင်းဆုံမိလေ့ရှိပါသည်။

International IDEA
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

International IDEA မြန်မာနိုင်ငံအခြေစိုက်ရုံး
၆၈(ဘီ)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်၊ မြန်မာနိုင်ငံ။
ဖုန်းနံပါတ် - +၉၅ ၉ ၂၆၃ ၁၂၈၁၀၄
အီးမေးလ် - info-myanmar@idea.int
my.constitution@idea.int
ဝဘ်ဆိုဒ် - www.idea.int

The Center for Constitutional Transitions at NYU Law
၁၃၉ မက်ခ်ဒိုးဂယ်လ်လမ်း
နယူးယော့ခ်၊ NY ၁၀၀၁၂၊ USA
အီးမေးလ် – constitutional.transitions@nyu.edu
ဝဘ်ဆိုဒ် – constitutionaltransitions.org

ISBN: 978-91-7671-403-4 (Print)
ISBN: 978-91-7671-404-1 (PDF)